# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၄)


**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## သိင်္ဂါလောဝါဒသုတ္တန်လာ ရဟန်းကျင့်ဝတ်ခြောက်ပါး

ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့ ထွန်းနိုင်ရန်အတွက် သာသနာတော်ကို ပြုစုစောင့်ရှောက်သည့် ရဟန်းသံဃာတော်များ လိုအပ်သကဲ့သို့ ရဟန်းသံဃာတော်များအား ကြောင့်ကြစိုးရိမ်ခြင်းမရှိဘဲ ပရိယတ္တိစာပေ သင်ကြားလေ့လာကျက်မှတ် သာသနာပြုနိုင်ရန် ဒါယကာ၊ ဒါယိကာမတို့၏ ဆွမ်း၊သင်္ကန်း၊ကျောင်း၊ ဆေးဟူသည့် ပစ္စည်းလေးပါး ပံ့ပိုးကူညီလှူဒါန်းမှုသည် အဓိကကျလှပါသည်။

ဤကဲ့သို့ ပစ္စည်းလေးပါး လှူဒါန်းကြကုန်သော ဒါယကာ၊ ဒါယိကာမတို့အား အကျိုးစီးပွားကုသိုလ်တရားများ ရရှိစေရန် ရဟန်းတော်များဘက်မှ လိုက်နာစောင့်ထိန်းပြုစုစောင့်ရှောက်ရမည့် ကျင့်ဝတ်ခြောက်ပါးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

- မကောင်းမှု မပြုလုပ်မိစေရန် တရားပြ၍ တားမြစ်ကုန်ရာ၏။
- ကောင်းမှုတရား သက်ဝင်ယုံကြည်စေရန်အတွက် တရားဖြင့် လမ်းညွှန်စေရာ၏။
- ကောင်းသောစိတ်ဖြင့် ဒါယကာ၊ ဒါယိကာမတို့အား စောင့်ရှောက်ကုန်ရာ၏။
- မကြားဖူး၊ မသိဖူးသေးသော တရားစကားများကိုလည်း ဟောကြားရာ၏။
- ကြားဖူး၊ သိဖူးသော တရားစကားများကိုလည်း ဖြူစင်သန့်ရှင်း တိုးပွားစေရန်အတွက် အဖန်ဖန်အထပ်ထပ် ဟောကြားရာ၏။
- နတ်ပြည်နိဗ္ဗာန်သို့ သွားရောက်မည့်ခရီးအား ညွှန်ပြကုန်ရာ၏။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ ရော့ဆက်ဖ် ကာမဲလ် ဘူးထရိုစ် ဟန်နာသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရော့ဆက်ဖ် ကာမဲလ် ဘူးထရိုစ် ဟန်နာအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

# နိုင်ငံတော်နှင့် တစ်ဦးချင်းအကျိုး ချင့်ချိန်လုပ်ကိုင် သိက္ခာသမာဓိရှိသည့် လုပ်ငန်းရှင်ဖြစ်ရေးကြိုးပမ်း

နိုင်ငံတော်၏ စီးပွားရေးဘဝတွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ကျယ်ကျယ်ပြန့်ပြန့် ရပ်တည် ပါဝင်လျက်ရှိသည်။ နိုင်ငံတော်၏ အမျိုးသားစီးပွားရေး အခြေအနေ တိုးတက်လာနေသကဲ့သို့ ပုဂ္ဂလိကစီးပွားရေး အနေအထားသည်လည်း တိုးတက်လျက်ရှိသည်။

နိုင်ငံတော်က ကုန်ထုတ်လုပ်မှုကို အလေးထား အားပေးလျက်ရှိသည့်နည်းတူ ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးလာစေရန်လည်း အခွင့်အလမ်းကောင်းများ ဖန်တီးပေးလျက်ရှိသည်။ အရင်းအနှီးနှင့် စီမံခန့်ခွဲမှု စွမ်းအားရှိသည့်ပုဂ္ဂလိကလုပ်ငန်းရှင်များသည် နိုင်ငံတော်၏ စီးပွားရေးရေရှည်ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၌ ပိုမိုရင်းနှီးမြှုပ်နှံ လုပ်ကိုင်ကြရန် လိုပေသည်။

နိုင်ငံတော်တွင် သဘာဝသယံဇာတ အခြေအနေအရ လယ်ယာ၊ သားငါး၊ စက်မှု၊ သစ်တောစသည်ဖြင့် အလားအလာကောင်းသည့် ရင်းနှီးမြှုပ်နှံမှု နယ်ပယ်များစွာရှိသည်။ အခြေခံကုန်ကြမ်း ပစ္စည်းများသာမက တန်ဖိုးမြှင့်တင်ထားသော ကုန်ချောပစ္စည်းများ၊ အမယ်သစ်ပို့ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်မှသာ ကုန်သွယ်မှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးကျယ်ပြန့်လာမည်ဖြစ်သည်။ ကုန်သွယ်မှုဖွံ့ဖြိုးလာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုကဏ္ဍသည်လည်း ထပ်ဆင့်တိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ဆန်စပါး၊ ဝါ၊ ကြံစသည့် စိုက်ပျိုးရေးထွက်ကုန် သီးနှံများကို ကန့်သတ်ဝယ်ယူခြင်း မပြုတော့ဘဲ ပုဂ္ဂလိကများအား လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုထားသည်။ ထို့အတူ ရော်ဘာ၊ အစေ့ထုတ်ပြောင်း၊ နှမ်း၊ ကြက်သွန်နီတို့ကိုလည်း ပြည်ပသို့ တိုးချဲ့တင်ပို့ခွင့်ပေးလျက် ရှိသည်။

ပို့ကုန်သွင်းကုန် လုပ်ငန်းများနှင့်စပ်လျဉ်း၍ သွက်လက်မြန်ဆန်စေရန် စီမံဆောင်ရွက်ပေးထားသည်။ ထို့အပြင် နယ်စပ်ဒေသများမှတစ်ဆင့် ကုန်းလမ်းထွက်ပေါက်များအတိုင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းကို တိုးချဲ့ဖွင့်လှစ်ပေးထားသည်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရေရှည်အကျိုးဖြစ်ထွန်းမည့် စီးပွားရေးလုပ်ငန်းများကို တီထွင်ကြံဆ လုပ်ကိုင်သွားကြရမည်ဖြစ်သည်။ နိုင်ငံတော်အကျိုးနှင့် ပုဂ္ဂလိက တစ်ဦးချင်းအကျိုးကို မျှမျှတတ ချင့်ချိန်လုပ်ကိုင်တတ်ပြီး သိက္ခာသမာဓိရှိသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကမ္ဘာကိုယှဉ်ပြိုင်အားရှိသည့် စီးပွားရေးလုပ်ငန်းရှင်များဖြစ်ရေး ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ရထားလမ်းအတွင်း ကျောက်ဖြည့်ရန် လိုအပ်နေသောနေရာများ ဖြည့်စွက်ပေး ဘူတာများကောင်းမွန်ရေးနှင့် ခရီးသည်များ စိတ်ချမ်းမြေ့ရေးဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၃

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် အောက်တိုဘာ ၂၁ရက် နံနက် ၆နာရီခွဲက အင်းစိန်စက်ခေါင်းပြင်စက်ရုံသို့ ရောက်ရှိရာ စက်ခေါင်းပြင် စက်ရုံဒုတိယအထွေထွေမန်နေဂျာ ဦးစောဘယ်လ်လင်တိုင်းက မြင်းကောင်ရေ ၁၂၀၀အားရှိ ဒီဇယ်လျှပ်စစ်စက်ခေါင်း ပြည်တွင်း၌ ထုတ်လုပ်တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ စက်ပစ္စည်းအစိတ်အပိုင်းအလိုက် တပ်ဆင်ပြီးစီးမှု အခြေအနေများ၊သက်ဆိုင်ရာ အင်ဂျင်နီယာများက စက်ခေါင်းတည်ဆောက်မှုများနှင့် စပ်လျဉ်း၍ အပိုင်းလိုက် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး စက်ခေါင်းတည်ဆောက်နေမှုများနှင့် စက်ခေါင်းပစ္စည်း အစိတ်အပိုင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

ဝန်ကြီးသည် ယမန်နေ့ နံနက် ၇နာရီက မင်္ဂလာဒုံဘူတာ၌ တာဝန်ရှိသူများအား တွေ့ဆုံပြီး လက်ဝဲရစ် ရထားလမ်းအတိုင်း RBE စက်ခေါင်းဖြင့် မြို့ပတ်ရထားလမ်းကို ကြည့်ရှုစစ်ဆေးရာ ရထားလမ်းအတွင်း ကျောက်ဖြည့်ရန် လိုအပ်သည့်နေရာများကို ဖြည့်စွက်ပေးရန်နှင့် ဘူတာများ ကောင်းမွန်သပ်ရပ်စွာ ထားရှိရေး၊ ရထားစီးခရီးသည် ဘေးအန္တရာယ်ကင်းရှင်းရေး၊ စိတ်ချမ်းမြေ့ပျော်ရွှင်စေရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။ ဆက်လက်၍ဝန်ကြီးသည်ရန်ကုန်ဘူတာကြီးနှင့် ပါဆယ်ရုံးတိုးချဲ့ဆောက်လုပ်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။

### မိသားစုဘုံကထိန်

မြန်မာ့မီးရထား၏ (၅၉) ကြိမ်မြောက် မိသားစုဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဓမ္မိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာ ဓမ္မိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒကထံမှ ဥပုသ်ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဝန်ကြီးနှင့် ဇနီး ဒေါက်တာဒေါ်ဝေဝေသာ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဇနီး၊ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများက ဆရာတော် အရှင်သူမြတ်တို့အား ကထိန်ဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

# အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နည်းပညာဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၃**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Kansai Electric Power Co., Inc တို့ ပူးပေါင်း ဆောင်ရွက်သည့် နည်းပညာဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၅)ကို အောက်တိုဘာ၂၀ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ချက်ကို Kansai မှ Project Manager Mr. Shoji Tsutsuiက ဆလိုက်ကားချပ်များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများမှ နည်းပညာဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို Kansai နှင့် နည်းပညာဆိုင်ရာ ပူးတွဲဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ဒီဇိုင်းပညာရပ်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများက ရှင်းလင်းတင်ပြရာ သူဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်း၏ အခြေခံဒီဇိုင်းနှင့်ပတ်သက်၍ ဦးဟိန်းသန့်၊ ဒေါ်ခင်စိမ့်ဝင့်၊ ဒေါ်သန္တာဝင်း၊ ဒေါ်စိမ့်ရီရီတင်တို့က လည်းကောင်း၊ Concrete Quality Control နှင့် ပတ်သက်၍ ဦးအောင်မျိုးထက်ချစ်က လည်းကောင်း၊ ကွန်းချောင်းရေအားလျှပ်စစ် စီမံကိန်းနှင့်ပတ်သက်၍ ဦးအောင်လွင်၊ Kansai မှ Project Manager Mr. Kawahara နှင့် Mr. Tsutsui တို့က လည်းကောင်း၊ ဖြူးချောင်းရေအား လျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ဦးသိန်းမြင့်က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်ဆွေးနွေး

ထို့နောက် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးပြီး Kansai မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**

# ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် အောက်တိုဘာ ၂၃**

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ၌ (၉)ကြိမ်မြောက် လစဉ်တရားစခန်းပွဲကို နာယကဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသဃရက နိုဝင်ဘာ ၁ရက်မှ ၇ရက်အထိ ဝိပဿနာအလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ရိပ်သာဝင်လိုသော ယောဂီများသည် အောက်တိုဘာ ၃၁ရက်ညနေအရောက်လာကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းလိုသူများသည် ရိပ်သာဖုန်း-၀၅၂-၂၄၅၅၀၊ ၀၉-၅၁၀၄၆၆၉၊ ကိုကျော်နိုင်(ပဲခူး)ဖုန်း-၀၅၂-၂၃၂၆၃၊၀၉-၅၃၀၁၅၃၇နှင့် ကိုကျော်ဆန်း(ရန်ကုန်)ဖုန်း-၀၉-၅၀၁၇၂၉၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

**(က-ပ)**

## မြဝတီရုပ်မြင်သံကြား

**၂၄-၁၀-၂၀၀၆ (အင်္ဂါနေ့)**

### နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၂၀ ၃။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

### ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ ပညာခေတ်
၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရုပ်မြင်သံကြားဇာတ်လမ်း **“သားကောင်းမိခင်”** (အပိုင်း-၂) **(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း** လွင်မိုး၊ နေတိုး၊ ထွန်းထွန်း၊ စိုင်းစိုင်းခမ်းလှိုင်၊စိုးမြတ်သူဇာ၊ ပုလဲဝင်း၊ ပန်းဖြူ၊သက်မွန်မြင့်၊ **ဒါရိုက်တာ-** အကယ်ဒမီ-ပန်းချီစိုးမိုး
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဘက်မတူတဲ့တက်လူ”** (အပိုင်း-၁၆)

### ရှေ့ဖုံးမှ

ဤရဟန်းကျင့်ဝတ်ခြောက်ပါးအား မှတ်သားရလွယ်ကူစေရန်အတွက် သင်္ဂဇာဆရာတော်ကြီးက အောက်ပါလင်္ကာဖြင့် ဖွဲ့ဆိုခဲ့ပါသည်-

**မကောင်းမြစ်တား၊**
**ကောင်းရာညွှန်လစ်၊**
**အသစ်ဟောကျူး၊**
**နာဖူးထပ်မံ၊**
**နတ်ထံတင်ရာ**
**မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွန်သေချာ။**

မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွား၊ တည်တံ့ခိုင်မြဲနေခြင်းမှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များကို မလိုအပ်ဟူ၍ နုတ်ပယ်ခြင်းလည်းမရှိ၊ ကာလဒေသနှင့် ကိုက်ညီအောင် အကြောင်းပြ၍ ထပ်မံဖြည့်စွက်ခြင်းလည်းမရှိဘဲ ဗုဒ္ဓမြတ်စွာဟောကြားခဲ့သည့်အတိုင်း တိတိကျကျ လိုက်နာစောင့်ထိန်းသည့် ထေရဝါဒ ဗုဒ္ဓဘာသာဟူသော ဘုရားဟောကြား ကျမ်းဂန်စစ်စစ်များကို ရဟန်းသံဃာတော်များက တိတိကျကျ လိုက်နာစောင့်ထိန်းခဲ့ခြင်းကြောင့် စစ်မှန်သော ထေရဝါဒ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံ၌ တည်ရှိနေခြင်းဖြစ်ပါသည်။ ဗုဒ္ဓသာသနာတော်ကို ပရိယတ္တိ၊ ပဋိပတ္တိတို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်လေကြကုန်သော အင်အားငါးသိန်းခန့်ရှိသည့် ရဟန်းသံဃာတော် အပေါင်းကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းနေကြသည့် ဒါယကာ၊ ဒါယိကာမတို့၏ သဒ္ဓါတရားသည်လည်း အံ့မခန်းနိုင်ပါပေ။

ထိုကဲ့သို့ ဒါယကာ၊ ဒါယိကာမများသည် ရဟန်းသံဃာတော်များအား ကြည်ညိုလေးစား သဒ္ဓါပွားရသည့် အကြောင်းတရားသည်ကား ဒါယကာ၊ ဒါယိကာမများ လောကဓံတရားနှင့် တွေ့ကြုံရ၍ စိတ်ဖိစီးမှုဒဏ်ခံရသောအခါ ရဟန်းတော်များက တရားရေအေး တိုက်ကျွေးခြင်းဖြင့် သောကကင်းပျောက်၍ စိတ်ချမ်းသာမှုကို ရောက်ရှိစေခဲ့ပါသည်။ လောဘလွန်ကျူးသော သူကိုလည်း ဒါနပြုစေခြင်းဖြင့် လောဘကို ကန့်သတ်ပေးနိုင်ခဲ့ပါသည်။ ဒေါသကြီးသူကိုလည်း မေတ္တာဟူသော ဓမ္မတရားဖြင့်ဖြည့်ဆည်း ဟန့်တား ပြေပျောက်စေပါသည်။

ဤကဲ့သို့ ဒါယကာ၊ ဒါယိကာမများ၏ စိတ်လိုအပ်ချက်ကို ရဟန်းသံဃာတော်များဘက်မှ ဖြည့်ဆည်းပေးနိုင်ခြင်းကြောင့် ဒါယကာ၊ ဒါယိကာမများဘက်မှလည်း ရဟန်းသံဃာ မည်မျှပင် များစေကာမူ အခက်အခဲမရှိ လှူဒါန်းထောက်ပံ့နေခြင်းစသည့် ဆရာဒကာ လက်တွဲညီစွာ သာသနာတော်ကို ပြုစုစောင့်ရှောက်နေခြင်းသည်ပင်လျှင် ဗုဒ္ဓသာသနာတော်ကြီး အရှည်ခံ၍ တည်တံ့စေရန် အကြောင်းတရား ဖြစ်ပါပေသည်။ ။

**(သာသနာရေး)**



**အောက်တိုဘာ ၂၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ရှော့ဆက်ဖ် ကာမဲလ် ဘူးထရို့စ် ဟန်နာ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ သံအမတ်ခန့်အပ်လွှာကိုပေးအပ်စဉ်။**

(သတင်း-ရှေ့ဖုံး)(သတင်းစဉ်)



**အောက်တိုဘာ ၂၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ ပါသိရာနာဂီ၊ အာသာ၊ ဒိုင်ယာစ်၊ ဆမ်မာရာစီကာရာ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။**

(သတင်း-ကျောဖုံး) (သတင်းစဉ်)



**အောက်တိုဘာ ၂၃ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ မီခေးလ်၊ အမ်၊ မက်ဂလက်ဇီး အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်း-ကျောဖုံး) (သတင်းစဉ်)



တရုတ်နိုင်ငံအရှေ့ပိုင်း ဇီကျန်းပြည်နယ် ဟန်ကျို့မြို့၌ ကျင်းပသည့် အနုပညာပွဲတော်တွင် တရုတ်ရိုးရာခြင်္သေ့အက ကပြနေသည်ကို အောက်တိုဘာ ၁၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အိန္ဒိယ မော်တော်ဆိုင်ကယ်ကုမ္ပဏီ အင်ဒိုနီးရှား၌ စက်ရုံတည်ဆောက်ထုတ်လုပ်မည်

ဂျကာတာ အောက်တိုဘာ ၂၃

အိန္ဒိယနိုင်ငံ၏ တတိယအကြီးဆုံး မော်တော်ဆိုင်ကယ်ကုမ္ပဏီဖြစ်သည့် တီဗွီအက်စ်မော်တော်ကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ စက်ရုံတည်ဆောက်နေပြီဖြစ်ကြောင်း၊ လာမည့်နှစ်တွင် ဆိုင်ကယ်များထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာက အောက်တိုဘာ၂၁ရက်တွင် ဖော်ပြသည်။

**မျှော်မှန်း**

အဆိုပါကုမ္ပဏီမှ ထုတ်ကုန်များသည် ဂျာဗားနှင့် ဆူမတြားကျွန်းတို့တွင် အဓိကဈေးကွက်ရရှိရေး မျှော်မှန်းထားကြောင်း ယင်းကုမ္ပဏီ၏ အရောင်းဈေးကွက်ညွှန်ကြားရေးမှူး ဗီဂျာယာကူမာက ပြောကြားသည်။

**ထုတ်လုပ်**

ယင်းကုမ္ပဏီသည် ကာရာဝမ် ပြည်နယ်၌ စက်ရုံတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ၄၅သန်း ရင်းနှီး မြှုပ်နှံမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါစက်ရုံမှ တစ်နှစ်လျှင် မော်တော်ဆိုင်ကယ် ၃၀၀၀၀၀ ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



ထိုင်းနိုင်ငံ ဖီချစ်မြို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုဖြစ်ပေါ်နေသည်ကို အောက်တိုဘာ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

ဟနွိုင်း အောက်တိုဘာ ၂၃

**ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားတို့သည် မူးယစ်ဆေးဝါး ထိန်းချုပ်မှုအပေါ် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကြမည်ဖြစ်ရာ ယင်းမှာ အာဆီယံက ၂၀၁၅ခုနှစ်တွင် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းမှုကို ပံ့ပိုးပေးလိမ့်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာက အောက်တိုဘာ ၁၈ ရက်တွင် ရေးသားဖော်ပြသည်။**

ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယား သုံးနိုင်ငံတို့သည် ခြောက်ကြိမ်မြောက် မူးယစ်ဆေးဝါး ထိန်းချုပ်ပပျောက်ရေး အစည်းအဝေးကို အောက်တိုဘာ ၁၈ ရက်က ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကွမ်နမ်မြို့၌ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေး၌ သုံးနိုင်ငံအတွင်း နိုင်ငံဖြတ်ကျော်မူးယစ်ဆေးဝါးမှုခင်းများ တားဆီးကာကွယ်ရေး အစီအမံများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဒေသထုတ်သတင်းစာ၌ ဖော်ပြပါရှိသည်။

အထူးသဖြင့် ယင်းသုံးနိုင်ငံ၏ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေး အေဂျင်စီသည် သတင်းဖလှယ်ရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတွင် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ရေး၊ စုံစမ်းစစ်ဆေးရေး၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ လွတ်မြောက်နေသူများကို ဖမ်းဆီးရေး တို့ပါဝင်သည့် ဆက်သွယ်ရေးစခန်းများ ထူထောင်ကြမည်ဖြစ်ကြောင်းသိရသည်။

**တိုက်ဖျက်**

ဗီယက်နမ်နိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး တပ်ဖွဲ့ဝင်များ လေ့ကျင့်ပေးရာတွင် လာအိုနှင့် ကမ္ဘောဒီးယားတို့အားကူညီရန် စဉ်းစားမည်ဖြစ်ကြောင်း ဗီယက်နမ်ပြည်သူ့လုံခြုံရေး ဒုတိယဝန်ကြီး လီသီသန်းက ပြောကြားသည်။

**ကျင်းပမည်**

၂၀၀၈ခုနှစ်တွင် ကျင်းပမည့် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်း အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ၌ လက်ခံ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**



တရုတ်နိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် (၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဆံပင်အလှထုံးဖွဲ့မှုပြိုင်ပွဲ၌ အလှမယ်တစ်ဦးကို အောက်တိုဘာ ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# မလေးရှားအမျိုးသမီးတစ်ဦး ငါးမြွှာပူး ကလေးမွေးဖွား

ကွာလာလမ်ပူ အောက်တိုဘာ ၂၃

မလေးရှားနိုင်ငံ မြောက်ပိုင်း ကီဒက်ချ်ပြည်နယ်၌ အမျိုးသမီးတစ်ဦးသည် အောက်တိုဘာ ၂၂ရက်က ငါးမြွှာပူး ကလေးများ မွေးဖွားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**မွေးဖွား**

အဆိုပါ အမျိုးသမီးသည် ၎င်းပြည်နယ်၏ မြို့တော်ဆေးရုံဖြစ်သော အလာစတာဆေးရုံ၌ အောက်တိုဘာ ၂၂ရက် မွန်းလွဲပိုင်းက ကလေးငါးဦးအား မွေးဖွားခဲ့ခြင်းဖြစ်သည်။ ၎င်းမွေးဖွားသော ကလေးများတွင် ယောကျ်ားကလေးနှစ်ဦးနှင့် မိန်းကလေးသုံးဦး ပါဝင်ကြောင်း ဆေးရုံညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

**ပြောကြား**

ကလေးတစ်ဦးစီ၏ ကိုယ်အလေးချိန်မှာ ဂရမ် ၅၅၀စီရှိကြောင်း၊ သို့ရာတွင် ကလေးများ၏ မိခင်အမည်ကို အဆိုပါ ဆေးရုံညွှန်ကြားရေးမှူး ပြောကြားခြင်းမရှိကြောင်း သတင်း၌ ဖော်ပြသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# ထိုင်းနိုင်ငံ၌ရေကြီးမှုကြောင့် ၁၀၄ဦးသေဆုံး

ဗန်ကောက် အောက်တိုဘာ ၂၃

ထိုင်းနိုင်ငံတွင် ဩဂုတ် ၂၇ ရက်မှစပြီး ရေကြီးခဲ့မှုကြောင့် ရေနစ်သေဆုံးသူ စုစုပေါင်း ၁၀၄ ဦးအထိ ရှိခဲ့ကြောင်း သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် အနုချာမိုကာဝက်က အောက်တိုဘာ ၂၀ ရက်၌ ကြေညာခဲ့သည်။

**ပြောကြား**

ဖီချစ်နှင့် အယုဒ္ဓယ ပြည်နယ်များသည် သေဆုံးမှုအများဆုံးဖြစ်ပြီး ၁၁ ဦးစီ သေဆုံးခဲ့ကြောင်း၊ ယင်းနောက်မှဆူကိုထိုင်းနှင့်နာကွမ်းဆာဝမ် ပြည်နယ်များ၌ ၁၀ ဦးစီ သေဆုံးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ဒီရေတက်မည်**

လာမည့် သီတင်းပတ်တွင် ဗန်ကောက်၌ ဒီရေတက်မည်ဖြစ်၍ ရေကြီးမှုမှာ ဆိုးဆိုးရွားရွား ဖြစ်လိမ့်မည်မဟုတ်ကြောင်း။

**မျှော်လင့်**

သို့ရာတွင် ဆက်လက်၍ မိုးသည်းထန်စွာ ရွာသွန်းမှု၊ ရေကြီးမှု၊ မြေပြိုမှုများမှာ မြို့တောင်ပိုင်း၌ ဖြစ်လိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၂၇၈၀ ကျော်ရှိပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အမေရိကန်စစ်ယာဉ်တစ်စီး လမ်းဘေးဗုံးပေါက်ကွဲထိမှန်ခဲ့မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်သည် စစ်ယာဉ်ဖြင့် လိုက်ပါတာဝန်ထမ်းဆောင်စဉ် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ဘဂ္ဂဒက်အနောက်တောင်ပိုင်း၌ လက်လုပ်ဗုံးတစ်လုံး ထိမှန်ပေါက်ကွဲ၍ သေဆုံးခဲ့ရသည်ဟု အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

အောက်တိုဘာလတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုများ မြင့်တက်လာကြောင်း၊ ၂၀၀၃ခုနှစ်က အီရတ်ကို အမေရိကန်ကျူးကျော် တိုက်ခိုက်ပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၂၇၈၀ ကျော်ရှိသွားပြီဖြစ်ကြောင်း ၎င်းစစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသက် အနုသုခုမပညာ တန်ဖိုးထားလေးစားမြတ်နိုးသော ပြည်သူများ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၃

**ရိုးရာယဉ်ကျေးမှုသည် နိုင်ငံတိုင်း လူမျိုးတိုင်း၏ ထူးခြားသည့် ဝိသေသလက္ခဏာကို ဖော်ညွှန်းပြသသည့် ကိုယ်ပိုင်အမျိုးသားရေးသင်္ကေတဖြစ်သကဲ့သို့ ရုပ်ရည်သွင်ပြင်လက္ခဏာ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ဘာသာစကား အသုံးအနှုန်း၊ ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာနှင့် လူမှုကျင့်ဝတ်စံနှုန်းတို့သည် ထိုနိုင်ငံနှင့် ထိုလူမျိုး၏ အမျိုးသားရေး ဥပမိရုပ်များဖြစ်ကြရာ ယင်းကိုယ်ပိုင်အမျိုးသားရေးသင်္ကေတနှင့် အမျိုးသားရေးဥပမိရုပ်တို့ ပျောက်ဆုံးပျက်ယွင်းသည့် နေ့သည် နိုင်ငံနှင့် လူမျိုးပါ ပျောက်ကွယ်မည့်နေ့ဖြစ်၍ နိုင်ငံတော်အစိုးရအနေနှင့် ကမ္ဘာ့အလယ်တွင် 'မြန်မာ'ဟူ၍ ကမ္ဘာတည်သရွေ့ ခိုင်ခိုင်မာမာ ဂုဏ်ယူဝင့်ကြွားထာဝစဉ်ရပ်တည်နိုင်ရေးအတွက် လူမှုရေးဦးတည်ချက်(၄)ရပ် ချမှတ်ပြီး အမျိုးသားရေးတာဝန်ကြီးနှင့် ဆက်စပ်လျက် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ ယနေ့တွင် နဝမမြောက်နေ့အဖြစ် ပြိုင်ပွဲအစီအစဉ်များကို နေပြည်တော်၌ ဆက်လက်ကျင်းပသည်။**

ထိုသို့ကျင်းပရာတွင် အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ လည်းကောင်း၊ ပတ္တလားအတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ လည်းကောင်း၊ စောင်းအတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ လည်းကောင်း၊ စန္ဒရားအတီးပြိုင်ပွဲကို သစ်တောသုတေသနဌာန စုဝေးခန်းမ၌ လည်းကောင်း၊ တယောအတီးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း ကျင်းပကြသည်။

## ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကျော်အောင်နှင့် ဦးစိုးဦး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့် တိုင်းများမှ ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်း တပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော် အနီးဝန်းကျင်မှ ပြည်သူများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို တန်ဖိုးထား လေးစားချစ်မြတ်နိုးကြသော ပြည်သူများ လာရောက် ကြည့်ရှုအားပေး နားသောတဆင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက် ၉ နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပသည်။

## အကပြိုင်ပွဲ

ယနေ့ကျင်းပသည့် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး အကပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မအေးချမ်းမြေ့၊ ချင်းပြည်နယ်မှ မနန်းလွင်ထက်ထက်ကျော်၊ စစ်ကိုင်းတိုင်းမှ မပိုးသိမ့်ဇော်၊ ဧရာဝတီတိုင်းမှ မကျော့ကျော့ခိုင်၊ စစ်ကိုင်းတိုင်းမှ မဇင်မာအောင်၊ ရခိုင်ပြည်နယ်မှ မထက်ထက်မိုးလွင်(ခ)နိုင်းအိလွင်၊ ကရင်ပြည်နယ်မှ မအိသဥ္ဇာမောင်(ခ) မအိမြတ်မိုးဝေ၊ ရှမ်းပြည်နယ်မှ မနှင်းနှင်းအေး၊ ကချင်ပြည်နယ်မှ မဇင်ယော်မေ၊ ရခိုင်ပြည်နယ်မှ မသဇင်ထွန်း၊ ရန်ကုန်တိုင်းမှ မအိရွှေစင်၊ ပဲခူးတိုင်းမှ မမြတ်မြတ်ချိုလင်းထိုက်၊ ကယားပြည်နယ်မှ မဝေဖူးသိမ့်၊ မကွေးတိုင်းမှ မငြိမ်းချမ်းခိုင်၊ ကချင်ပြည်နယ်မှ မသဲအေးအေးနွယ်၊ ပဲခူးတိုင်းမှ မနှင်းလဲ့ရည်ကျော်၊ တနင်္သာရီတိုင်းမှ မဖူးပွင့်ဝေ၊ မန္တလေးတိုင်းမှ မစုပိုပိုအောင်၊ မွန်ပြည်နယ်မှ မဖြူသဇင်လှိုင်၊ မန္တလေးတိုင်းမှ မအိဖြူစင်ကျော်နှင့် ဧရာဝတီတိုင်းမှ မအင်ကြင်းမွေးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

## အရေးပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ကျင်းပသည်။



**အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး အကပြိုင်ပွဲတွင် ကယားပြည်နယ်မှ မဝေဖူးသိမ့် ကပြယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)

ယနေ့ကျင်းပသည့် အရေးပြိုင်ပွဲတွင် အောက်တိုဘာ ၁၅ ရက်က ယဉ်ကျေးသိမ်မွေ့ တို့ဓလေ့ခေါင်းစဉ်ဖြင့် တေးစာသား ရေးသားပြိုင်ပွဲဝင်ခဲ့ပြီး အောက်တိုဘာ ၁၈ ရက်တွင် သံစဉ်ထည့်သွင်းလေ့ကျင့်ခဲ့သော ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသားနှင့် အမျိုးသမီး) ပြိုင်ပွဲဝင်များဖြစ်ကြသော ပဲခူးတိုင်းမှ ဦးမြင့်စိုး၊ မန္တလေးတိုင်းမှ ဦးဇော်မိုးကျော်၊ ဧရာဝတီတိုင်းမှ ဦးသန်းရှိန်၊ မန္တလေးတိုင်းမှ ဦးမျိုးသူ၊ ရန်ကုန်တိုင်းမှ ဦးမိုးခင်ကျော်နှင့် ဦးတင့်ခိုင်၊ မွန်ပြည်နယ်မှ သထုံသန်းဝင်း၊ စစ်ကိုင်းတိုင်းမှ ဦးကျော်လင်း(ခ) ဦးသောင်း၊ ရှမ်းပြည်နယ်မှ ဒေါ်မူမူဆွေနှင့် ကယားပြည်နယ်မှ ဦးဝင်းနွယ်တို့၏ သံစဉ်များ ထည့်သွင်းထားသော တေးစာသားများကို အဆိုရှင်များနှင့်တွဲဖက်၍ ပြိုင်ပွဲဝင်ကြသည်။

## ပတ္တလားအတီးပြိုင်ပွဲ

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) ပတ္တလားအတီးပြိုင်ပွဲကို ကျင်းပရာ "စိမ်းလဲ့လဲ့ညိုပြာ" (ကြိုး)သီချင်းဖြင့် ရှမ်းပြည်နယ်မှ မောင်ဖြိုးဆက်ပိုင်၊ မန္တလေးတိုင်းမှ မောင်သိန်းထွန်း၊ ဧရာဝတီတိုင်းမှ မောင်ဇော်နိုင်၊ မွန်ပြည်နယ်မှ မင်းအောင်ကျော်သူ၊ ကချင်ပြည်နယ်မှ မောင်အောင်မျိုးထွေး၊ ရန်ကုန်တိုင်းမှ မောင်စောပိုင်၊ မန္တလေးတိုင်းမှ မောင်သူရထက်နိုင်၊ ပဲခူးတိုင်းမှ မောင်လှမျိုးကို၊ တနင်္သာရီတိုင်းမှ မောင်အောင်အောင်လင်း၊ ရန်ကုန်တိုင်းမှ မောင်အောင်စည်မင်းထက်၊ မကွေးတိုင်းမှ မောင်ရဲရင့်သူ(ခ) ဝေယံဦးနှင့် စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "အာကာယံထဲ" (ပတ်ပျိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်ခိုင်ဇာဝင်း၊ မန္တလေးတိုင်းမှ ဒေါ်ခင်သိန်းအေးနှင့် ဒေါ်သန်းသန်းညွန့်၊ မွန်ပြည်နယ်မှ မဘိုမနှင့် ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

## စောင်းအတီးပြိုင်ပွဲ

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စောင်းအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) စောင်းအတီးပြိုင်ပွဲကိုကျင်းပရာ "မဟာဝန်ချာ"(ဘွဲ့)သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဦးမျိုးသန့်၊ မန္တလေးတိုင်းမှ ဦးလရောင်၊ မွန်ပြည်နယ်မှ ဦးခင်မောင်စန်း၊ ပဲခူးတိုင်းမှ ဦးစန်းကိုလေး၊ ရခိုင်ပြည်နယ်မှ မောင်ဇေယျလင်း၊ မကွေးတိုင်းမှ ဦးအောင်သိန်းနှင့် မန္တလေးတိုင်းမှ ဦးကိုကိုအောင်တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ "တောမြိုင်ခြေလမ်း"(ယိုးဒယား)သီချင်းဖြင့် ရှမ်းပြည်နယ်မှ ဒေါ်နီလာညို၊ ပဲခူးတိုင်းမှ ဒေါ်ချောယုလင်း၊ ရန်ကုန်တိုင်းမှ မခင်မိမိမိုး၊ ရခိုင်ပြည်နယ်မှ မဆုဆုဝင်းမောင်၊ ရန်ကုန်တိုင်းမှ မခင်အေးမွန်၊ ဧရာဝတီတိုင်းမှ ဒေါ်တင်နီလာဝင်းနှင့် မန္တလေးတိုင်းမှ ဒေါ်ဝင်းသင်္ဂီကျော်တို့ တီးခတ်ယှဉ်ပြိုင်ကြသည်။



**အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မပိုင်သိမ့်သိမ့်နွေး(ခ) ခိုင်ရတနာသိမ်း တီးခတ်ယှဉ်ပြိုင်စဉ်။**
(သတင်းစဉ်)

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ 'သာယာ' (ကြိုး)သီချင်းဖြင့် ရှမ်းပြည်နယ်မှ မောင်ဖြိုးသက်ပိုင်၊ ဧရာဝတီတိုင်းမှ မောင်သိုက်ထွန်းဇံနှင့် ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ 'သာယာ' (ကြိုး)သီချင်းဖြင့် တနင်္သာရီတိုင်းမှ မခြူးသဉ္ဇာသိမ့်၊ ဧရာဝတီတိုင်းမှ မရည်မွန်သန့်၊ မကွေးတိုင်းမှ မငြိမ်းမြတ်မွန်၊ မန္တလေးတိုင်းမှ မမြတ်ကေသွယ်ကျော်၊ ရန်ကုန်တိုင်းမှ မပိုင်သိမ့်သိမ့်နွေး(ခ) ခိုင်ရတနာသိမ်း၊ မန္တလေးတိုင်းမှ မဝတ်မှုံအေးနှင့် ပဲခူးတိုင်းမှ မပန်းနုခိုင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

## စန္ဒရားအတီးပြိုင်ပွဲ

အလားတူ(၁၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်း သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲကျင်းပရာတွင် ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲ၌ "ဇာတိအာဏာ" (ယိုးဒယား)သီချင်းဖြင့် ရခိုင်ပြည်နယ်မှ ဒေါ်စည်သူစိုး၊ ပဲခူးတိုင်းမှ ဒေါ်တင်စန္ဒာဝင်း၊ မန္တလေးတိုင်းမှ ဒေါ်စိန်စိန်ရင်နှင့် ဒေါ်သန်းသန်းညွန့်တို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ "ဝေဘာဂီရီ" (ကြိုး)သီချင်းဖြင့် ကချင်ပြည်နယ်မှ မောင်အောင်ကိုကို၊ ရန်ကုန်တိုင်းမှ မောင်စံရွှေမြတ်၊ ပဲခူးတိုင်းမှ မောင်ကောင်းဇော်ဟိဏ်း၊ မန္တလေးတိုင်းမှ မောင်အောင်ကျော်ငြိမ်းနှင့် မောင်ရဲထက်အောင်၊ ရန်ကုန်တိုင်းမှ မောင်သက်သန်းဟန်၊ စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်နှင့် ရှမ်းပြည်နယ်မှ မောင်ဖြိုးဆက်ပိုင်တို့ ပြိုင်ပွဲဝင်ကြသည်။

## တယောပြိုင်ပွဲ

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား တယောပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား တယောပြိုင်ပွဲတွင် "မှိုင်းမှိုင်းမြ"သီချင်းဖြင့် မန္တလေးတိုင်းမှ ဦးအေး၊ ရခိုင်ပြည်နယ်မှ ဦးချိုအေး(ခ) ချိုကြီး၊ ရန်ကုန်တိုင်းမှ ဦးခင်မောင်ဝင်း၊ ပဲခူးတိုင်းမှ ဦးသန်းရှိန်၊ မန္တလေးတိုင်းမှ ဦးအေးမောင်၊ ရန်ကုန်တိုင်းမှ ဦးယုမောင်၊ ဧရာဝတီတိုင်းမှ ဦးတင်စိုး၊ မကွေးတိုင်းမှ ဦးတင်အုန်း၊ မွန်ပြည်နယ်မှ ဦးလှအောင်တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး တယောပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ "ရွှေပြည်တော်သည်" (ပတ်ပျိုး)သီချင်းဖြင့် မွန်ပြည်နယ်မှ နော်သူးလေဖောဝေနှင့် ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်းတို့ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် အမျိုးသား တယောပြိုင်ပွဲကိုကျင်းပရာ "သူရကန်"(ပတ်ပျိုး)သီချင်းဖြင့်ရန်ကုန်တိုင်းမှ မောင်ကျိန်လမ်းမုန့်၊ ကယားပြည်နယ်မှ စောထူးထူးဝေ၊ ရန်ကုန်တိုင်းမှ မောင်အောင်ခြိမ့်၊ မန္တလေးတိုင်းမှ မောင်ရဲရင့်ကိုကိုနှင့် ဧရာဝတီတိုင်းမှ မောင်ကျော့ရှင်းနိုင်တို့ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြပြီး အဆင့်မြင့်ပညာအဆင့် အမျိုးသမီး တယောပြိုင်ပွဲကိုဆက်လက်ကျင်းပရာ "ရေခင်းတော်"(ကာလပေါ်)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မစန္ဒာဝင်း၊ မန္တလေးတိုင်းမှ မခင်ဆွေမြညွန့်နှင့် ရန်ကုန်တိုင်းမှ မသက်ပိုင်ကျော်တို့ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများကို အောက်တိုဘာ ၂၄ ရက် **(ယနေ့)**တွင် ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

## အနုပညာအလင်္ကာသစ္စာ

* အောင်ဘူမိခေါ်၊ နေပြည်တော်တွင်
တူပျော်ပေါင်းစု၊ ညီညွတ်မှုဖြင့်
သုခုမအလှ၊ မြတ်ဂီတကို
ဆိုကရေးတီး၊ ပြိုင်ပွဲကြီးဖြင့်
အံ့ချီးပေါ်အောင်၊ မြန်ဂုဏ်ဆောင်မည်
ညီနောင်ဆွေတို့ ကြိုးစားစို့။

* ပြည်ထောင်စုဖွား၊ သွေးချင်းများတို့
ခံ့ညားဝေစီ၊ မြန်မာပြည်ကို
ဂီတရသ၊ သုခုမဖြင့်
အလှသဘင်၊ ကကြိုးဆင်မည်
ပြည်ခွင်သာဖို့ လက်တွဲစို့။

* တစ်ဆယ့်လေးကြိမ်၊ ပြိုင်ပွဲချိန်တည့်
ဂုဏ်သိမ်မညှိုး၊ မြန်မာမျိုးတို့
အမျိုးသားသတိ၊ တာဝန်အသိဖြင့်
ထားရှိအားမာန်၊ နိုးကြားဟန်ဖြင့်
ပိုင်စံတို့ပြည်( ပြေ)၊ မြန်မာ့မြေက
အောင်မြေစခန်း၊ နေပြည်နန်းကို
ငြိမ်းချမ်းတူယှက်၊ တွဲသောလက်ဖြင့်
ချီတက်အတူသွားကြစို့။

* သြော်-
"ကချင်" "ကယား"၊ ပေါင်းစည်းထားကြ
ဆွေသား "ကရင်"၊ တွဲလက်ယှဉ်၍
ပြည်ခွင်ငြိမ်းချမ်း၊ အရောက်လှမ်းကြ
တောင်တန်းမြေပေါ်၊ "ချင်း"ဆွေတော်နှင့်
တွဲဖော်အားခွန်၊ "ဗမာ" "မွန်"တို့
ရည်မွန်လက်ကမ်း၊ "ရခိုင်" "ရှမ်း"သည်
ငြိမ်းချမ်းရွှေပြည်၊ ဒို့နေပြည်တွင်
စုံညီတွဲယှက်၊ အလင်္ကာလက်ဖြင့်
တင်ဆက်မနေး၊ သမိုင်းရေး၍
တေးနှင့်သစ္စာဆိုကြစို့။ ။

**[(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်-]**

**ရွှေလေး (မြို့မဟားခါး)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၀-၂၀၀၆ (အင်္ဂါနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | အခြေခံဘော်လီဘော ကစားနည်း နည်းစနစ်များ (အပိုင်း-၁) |
| ၇:၁၅ | တေးဂီတအစီအစဉ် |
| ၇:၂၀ | ပေါ့ပါးလျင်မြန် မြန်မာ့ဂျစ်ဟန် |
| ၇:၃၀ | Sunday Talk |
| ၈:၂၀ | တေးဂီတအစီအစဉ် |
| ၈:၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၃၅ | ဂက်(စ်)မီးဖိုနှင့် ဖြစ်တတ်သော အန္တရာယ်များ |
| ၈:၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၈:၄၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၉:၀၀ | တေးဂီတအစီအစဉ် |
| ၉:၀၅ | ရွှေစက်တော်ဘေးမဲ့တော |
| ၉:၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၁၅ | မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်နှင့် ရတနာဈေး |
| ၉:၃၀ | တေးဂီတအစီအစဉ် |
| ၉:၃၅ | Movie Talk [သရုပ်ဆောင် ဒါရိုက်တာ သတိုးစောနှင့် တွေ့ဆုံခြင်း (အပိုင်း-၁)] |
| ၁၀:၁၅ | တေးဂီတအစီအစဉ် |
| ၁၀:၂၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၁၀:၃၅ | တေးဂီတအစီအစဉ် |
| ၁၀:၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၅၀ | တေးဂီတအစီအစဉ် |
| ၁၀:၅၅ | ဖက်ရှင်အလှနေ့စဉ်ဘဝ (အပိုင်း-၁) |
| ၁၁:၂၅ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | အသည်းခြောက်ရောဂါနှင့် ပင့်ကူမျှင်သွေးကြော (အပိုင်း-၁) (ဒေါက်တာခင်မောင်ဝင်း) |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ပန်းတနော်မြို့ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် ရေစက်ချအလှူမင်္ဂလာကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၃

**ပန်းတနော်မြို့ အခြေခံပညာအလယ်တန်းကျောင်း ပေ၃၀×ပေ၇၀ နှစ်ထပ်သံကူကွန်ကရစ် ကျောင်းဆောင်သစ် ရေစက်ချအလှူမင်္ဂလာပွဲကို ယမန်နေ့နံနက်က ပန်းတနော်မြို့ အရှေ့ပိုင်းရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။**

## တက်ရောက်

အခမ်းအနားသို့ ပန်းတနော်မြို့ရှိ သံဃာတော်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဦး၊ ပန်းတနော်မြို့နယ် အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် အသင်းသား အသင်းသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

## အမျှပေးဝေ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဦးက အမှာစကားပြောကြားကာ အလှူရှင်များ ကိုယ်စား ဒေါက်တာ ခင်ချိုဟန်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ပန်းတနော်မြို့ ပရိယတ္တိကျောင်းတိုက် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ (ဗဟိုဝန်ဆောင်) ဆရာတော် ဘဒ္ဒန္တ အာဒိစ္စထံမှ ငါးပါးသီလ ခံယူတည်ဆောက်ကာ **(ယာအပေါ်ပုံ)** ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချ အမျှပေးဝေသည်။



## လှူဒါန်း

ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးအတွက် ပန်းတနော်အသင်းဂုဏ်ထူးဆောင်နာယက ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ငွေကျပ် ၄၃၀၀၀၀၊ ဦးဘဟန်-ဒေါ်ခင်အေးမိသားစုက ငွေကျပ် ၁၇၀၈၅၀၀၀၊ ပန်းတနော်မြို့နယ်အသင်း (ရန်ကုန်) အသင်းဝင်များက ငွေကျပ် ၁၉၉၀၀၀၀၊ ပန်းတနော်မြို့ပေါ်ရှိ အလှူရှင်များက ငွေကျပ်၇၆၁၁၀၀၊ အလက ပန်းတနော် မိဘများက ငွေကျပ်၁၆၁၃၃၇၅ကျပ်၊ ဦးအိုက်ထွန်း-ဒေါ်သန်းသန်းဝင်းမိသားစု အိုလံပစ်ကုမ္ပဏီလီမိတက်က ငွေကျပ် ၇၅၀၀၀၀၀၊ (ဦးခွေး)-ဒေါ်ကျင်စုသားသမီးမြေးများ ပြည့်စုံပွဲရုံ ဘုရင့်နောင် ရန်ကုန်က ငွေကျပ် ၁၁၀၀၀၀၀၀ စုစုပေါင်း ကျပ်ငွေ ၂၅၀၀၂၉၇၅ ကျပ် လှူဒါန်းကြပြီး ဦးမျိုးဝင်း-ဒေါ်မီမိသက်မိသားစုက ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ လေးယောက်တွဲစာရေးခုံ၊ ထိုင်ခုံအစုံ ၁၀၀၊ ဦးကျင်ဟု-ဒေါ်မြင့်မြင့်ဝင်း အောင်ဆုထူးပိုင်ထီဆိုင် မိသားစုက ငွေကျပ် ၂၂၀၀၀၀၀တန်ဖိုးရှိ လွယ်အိတ်နှင့် စာအုပ်၊ စာရေးကိရိယာ ၆၂၄ စုံ၊ ဦးကြူပွင့်-ဒေါ်ခင်စုမိသားစုက ငွေကျပ် ၅၀၀၀၀၀ တန်ဖိုးရှိ ဆရာ ဆရာမများအတွက်ဝတ်စုံများ၊ဦးကီဟင်း-ဒေါ်ကျင်ရိုး မိသားစုက ငွေကျပ် ၄၀၀၀၀၀ တန်ဖိုးရှိ ဦးထုပ် ၆၅၅ လုံးတို့အား လှူဒါန်းကြသည်။ **(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း အမှတ်၃၀/၅(ဘီ) သီရိမင်္ဂလာရိပ်သာလမ်းသွယ်နေ ဦးချန်ထွန်း၊ ဦးညွန့်လှိုင်၊ ဦးတင်ထွန်းအောင်တို့အား ရည်စူး၍ ဒေါ်တင်တင်လှ (၈၄)နှစ်နှင့် သားသမီးများ မိသားစုက အလှူငွေ ကျပ် ၁၁၁၁၁၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော်ဦးဝိနယ (ဝံသမေဒနီစာသင်တိုက်)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# သွေးဆေးကန် မွန်ပါဠိတက္ကသိုလ်ကျောင်း ဘုံကထိန်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ် ရာမညဝေပုလ္လတိုက် သွေးဆေးကန် မွန်ပါဠိတက္ကသိုလ် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့က ကြီးမှူး၍ နိုဝင်ဘာ၄ ရက် (၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်) စနေနေ့တွင် မွန်ဘုံကထိန်စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကျင်းပမည်ဖြစ်ရာ ဒါယကာ ဒါယိကာမများသည် ကထိန်သင်္ကန်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊အချိုပွဲနှင့် အလှူငွေများကို ဆရာတော် ဘဒ္ဒန္တဝါရ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဝံသဓမ္မနှင့် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# အရည်အသွေးကောင်း မြန်မာ့ကျောက်စိမ်းများ ပြည်ပရတနာကုန်သည်များ အပြိုင်အဆိုင်ဝယ်ယူ

**သတင်းမြင်ကွင်း—မြင့်မောင်စိုး**

**ဓာတ်ပုံ—အောင်သန်း(မင်္ဂလာတောင်ညွန့်)**

ရန်ကုန် အောက်တိုဘာ ၂၃

**မြန်မာ့ပုလဲ၊ မြန်မာ့ကျောက်မျက်ရတနာနှင့် မြန်မာ့ကျောက်စိမ်းတို့သည် အရည်အသွေးကောင်းမွန်မှုကြောင့် နှစ်စဉ် ပြည်ပမှရတနာကုန်သည်များ၊ ကြည့်ရှုလေ့လာသူများ ပိုမိုလာရောက်ဝယ်ယူလျက်ရှိကြသည်။**

## လူကြိုက်များ

မြိတ်ကျွန်းစုမှထွက်သောပုလဲ၊ မိုးကုတ်မှထွက်သော ကျောက်မျက်နှင့် မိုင်းရှူးမှထွက်သော ကျောက်စိမ်းတို့သည် အရည်အသွေး ကောင်းမွန်မှုကြောင့် ကမ္ဘာ့ဈေးကွက်တွင် လူကြိုက်များလျက်ရှိသည်။

၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၉ ရက်မှစ၍ ခင်းကျင်းပြသခဲ့ရာ ပုလဲနှင့် ကျောက်မျက်အတွဲများကို ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ အောက်တိုဘာ ၁၉ ရက်မှ၂၂ ရက်အထိ ရောင်းချခဲ့ပြီးဖြစ်သည်။

## ကျောက်စိမ်း

ကျောက်စိမ်းအတွဲများကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ အောက်တိုဘာ၂၃ရက်မှ ၂၉ ရက်အထိ ခင်းကျင်းရောင်းချလျက်ရှိသည်။

အဆိုပါ ကျောက်စိမ်းရောင်းပွဲတွင် ကျောက်စိမ်းအတွဲ ၄၂၈တွဲကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲ ၃၈၀၉တွဲကို တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့ကျောက်စိမ်းတုံးကြီးများကို ဤသို့ ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။**

ဓာတ်ပုံ—အောင်သန်း(မင်္ဂလာတောင်ညွန့်)



## စေ့ငုခဲ့

ယင်းကျောက်စိမ်းရောင်းချမှုနှင့် စပ်လျဉ်း၍ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်ကာ ပြည်ပ ရတနာကုန်သည်များ၏ ကြည့်ရှုဝယ်ယူနေမှုများကို စေ့ငုခဲ့သည်။

အဆိုပါ ကျောက်စိမ်းအရောင်းပွဲရှိရာ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်းသို့ ဝင်လိုက်သည်ဆိုလျှင်ပင် ပြည်ပ

**“မြန်မာပြည်က ကျောက်စိမ်းတွေ တရုတ်မှာ လူကြိုက်များ”။**

မစ်ဖန်ရှုကြာယို (ရတနာကုန်သည်)

ဓာတ်ပုံ– အောင်သန်း (မင်္ဂလာတောင်ညွန့်)



ရတနာကုန်သည်များသည် ကျောက်စိမ်းအတွဲများကို ကြည့်ရှုကြ၊ စစ်ဆေးကြ၊ မှတ်သားကြဖြင့် သူ့ထက်ငါ အလုအယက် ကြည့်ရှုနေကြသည့် မြင်ကွင်းကို ဦးစွာတွေ့ရသည်။

## တန်ဖိုးထားဝယ်ယူ

ပြပွဲသို့လာရောက်သည့် ကျောက်မျက်ရတနာကုန်သည်များတွင် အများအားဖြင့် တရုတ်နှင့် ဟောင်ကောင်တို့မှ အများဆုံးဖြစ်သည်ကိုလည်း တွေ့ရသည်။ ယင်းနိုင်ငံများမှ ရတနာကုန်သည်များသည် အခြားနိုင်ငံများထက်ကျောက်စိမ်းကို အဓိကထား ဝယ်ယူလျက်ရှိသည်။

## ပို၍အဆင်ပြေ

ယင်းဝယ်ယူနေမှုများနှင့် ပတ်သက်၍ မြန်မာ့အလင်းက စေ့ငုကြည့်ရာ ဟောင်ကောင်ရှိ Hong Sheng Jade Limited မှ ဒါရိုက်တာမစ္စတာရှီတာရှိန်က “ကျွန်တော် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အခုမှလာကြည့်တာ မဟုတ်ပါဘူး။ ပြပွဲလုပ်တိုင်း အမြဲတမ်းလာပါတယ်။ ဒီက ဝယ်သွားတဲ့ကျောက်စိမ်းများကို ဟောင်ကောင်မှာ ပန်းပုရုပ်ထုပြီးရောင်းချပါတယ်။ ပန်းပုရုပ်တွေက ပန်းပုဆရာအယူအဆကောင်းရင်ကောင်းသလို တန်ဖိုးရှိပါတယ်။အရင်ကတော့ ကျောက်စိမ်းအကာသားများကို သာမန်တိရစ္ဆာန်ရုပ်လောက်သာလုပ်ပါတယ်။ အခုဆိုရင် မှာယူတဲ့သူတွေအကြိုက် ဆန်းပြားတဲ့အရုပ်တွေလုပ်ပေးနိုင်လို့ ပိုပြီးအဆင်ပြေပါတယ်။ ကျောက်စိမ်းက ပုလဲနှင့်ကျောက်မျက်လိုမဟုတ်ဘူး၊ သူက ပန်းပုထုနိုင်တာကြောင့် ပိုပြီးကျယ်ဝန်းပါတယ်”ဟု ၎င်းက မြန်မာ့အလင်းသို့ စိတ်ရှည်လက်ရှည် ရှင်းလင်းပြောကြားသည်။

## အရည်အသွေးကောင်း

တစ်ဖန် တရုတ်ပြည်မကြီးမှ မစ်ဖန်ရှုကြာယိုက ပြောကြားရာတွင် “မြန်မာပြည်က ကျောက်စိမ်းတွေ တရုတ်ပြည်မှာ လူကြိုက်များကြောင်း၊ ကျောက်စိမ်းများမှာ အရည်အသွေးကောင်း၍ ကုန်ချော ထုတ်လုပ်ရာမှာရော၊ ပန်းပုထုတ်လုပ်ရာမှာပါ အဆင်ပြေကြောင်း”ဖြင့်လည်း ၎င်းက ပြောကြားသည်။

## ကြည့်ရှုစစ်ဆေး

ကမ္ဘာအရပ်ရပ်မှ လာရောက်ကြသော ရတနာကုန်သည်များသည် အချိန်ကို တန်ဖိုးရှိစွာ အသုံးချလျက် ကျောက်စိမ်းအတွဲများကို ဝယ်ယူနိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးနေကြသည်။

## ဝယ်ယူနေ

ထို့အပြင် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမကြီးအတွင်း၌လည်း ကျောက်စိမ်းတွဲများကို လေလံစနစ်ဖြင့် ရောင်းချနေသည့်မြင်ကွင်းကိုလည်း တွေ့ခဲ့ရသည်။ ခန်းမကြီးအတွင်း၌ စားပွဲများအားလုံးပြည့်လျှံ နေအောင် ရတနာကုန်သည်များကို တွေ့ရသည်။ အပြိုင်အဆိုင် လေလံဆွဲနေကြခြင်းဖြစ်သည်။ ခန်းမအတွင်း အလွတ်ရောင်းချသော ကျောက်မျက်ရတနာများကိုလည်း တွေ့ရသည်။ အချို့သောရတနာကုန်သည်များ၊ မြန်မာ့ကျောက်မျက်ရတနာကို တန်ဖိုးထားသူများက ယင်းဆိုင်များမှ ဝယ်ယူနေကြသည်လည်းရှိသည်။

## ကမ္ဘာ့ဈေးကွက်

သို့ဖြစ်၍ ၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲမှသည် မြန်မာ့ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲအတွဲများသည် ဝယ်ယူသူများ အကြိုက်တွေ့ကြမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ကျောက်မျက်ရတနာများ ကမ္ဘာ့ဈေးကွက်တွင် ထိုးဖောက်ဝင်ရောက် နေရာယူလာနိုင်ပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ‘သဒ္ဒါသုမနဇာတ်တော်ကြီး’ ရုပ်သေးပြိုင်ပွဲ ရန်ကုန်တိုင်းမှ ‘အောင်စည်တော်ရုပ်စုံ’ အမြင့်သဘင် ယှဉ်ပြိုင်မှု ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၃

**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ‘သဒ္ဒါသုမနဇာတ်တော်ကြီး’ ရုပ်သေးပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ တတိယနေ့အဖြစ် ရန်ကုန်တိုင်းမှ ‘အောင်စည်တော်ရုပ်စုံ’ အမြင့်သဘင်အဖွဲ့ ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်ရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးသည်။** (အောက်ပုံ)





## ကြည့်ရှုအားပေး

အဆိုပါ ရုပ်သေးပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်ရာသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက အဖွဲ့ဝင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦး၊ လူမှုဝန်ထမ်း၊ ကယ် ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော်သို့ လေ့လာရန်ရောက်ရှိနေသော ပြည်နယ်နှင့် တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များ၊ ပျဉ်းမနားခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ မြန်မာ့ရုပ်သေးအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက်လာရောက် ကြည့်ရှု အားပေးကြသည်။

အဆိုပါ ရုပ်စုံအမြင့်သဘင်တွင် အုပ်ချုပ်သူ ဇာတ်ညွှန်း တက္ကသိုလ်ခင်မောင်တင့်၊ ဒါရိုက်တာ ဒေါ်ဝင်းဝင်းမြင့်၊ ဆို၊ ငို၊ ပြော၊ ကြိုးဆွဲပညာရှင်များ ဖြစ်ကြသော ဦးဒေါင်းယဉ်၊ ဦးကြည်၊ ဒေါ်ဝင်းဝင်းမြင့်၊ မမေခင် မောင်တင့်၊ မသဇင်ခင်မောင်တင့်၊ မခင်မြသွယ်၊ ယဉ်ကျေးမှုအောင်ဟိန်း၊ ရွှေဂျိုးဖြူ ကြည်ကြည်ဝင်း၊ ရွှေကျွန်းပေါ်လာ၊ ဦးယက်ဖောက်၊ ဦးကျော်စိုး၊ ဦးဗိုလ်ဗိုလ်ခင်မောင်တင့်နှင့် ဦးသန့်ဇော်တို့က စိန်လှမြိုင် ဆိုင်းအဖွဲ့နှင့်တွဲဖက်၍ ဖျော်ဖြေတင်ဆက် ယှဉ်ပြိုင်ကြသည်။

## ရည်ရွယ်ချက်ဖြင့်ကပြ

**‘သဒ္ဒါသုမနဇာတ်တော်ကြီး’**အား ပြန်လည်ဖော်ထုတ်တင်ဆက်ရခြင်းဖြင့် ကောင်းသော အကျင့်စရိုက်ကို ယူ၍ သဒ္ဒါတရားတိုးပွားစေရန်၊ ကိုးကွယ်ဆည်းကပ်မှုဆိုင်ရာ လောကတရား၌ အမှားနှင့်အမှန်ကိုခွဲခြား ဆုံးဖြတ်သိမြင်စေရန်နှင့်လူ့သဘာဝစရိုက်ကိုသိမြင်၍ ဆင်ခြင်တုံတရားဖြင့် ခွဲခြားဆုံးဖြတ်တတ်စေရန် ရည်ရွယ်ချက်ဖြင့် ကပြခြင်းဖြစ်သည်။

အောက်တိုဘာ ၂၄ ရက်တွင်မန္တလေးတိုင်းမှ ရတနာပုံရုပ်စုံသဘင်အဖွဲ့ ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လာရောက်ကြည့်ရှုကြသောပြည်သူများသွားလာမှုအဆင်ပြေစေရေးအတွက်သက်ဆိုင်ရာက မော်တော်ယာဉ်များ စီစဉ်ထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး လယ်ဝေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့နှင့်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၂ ရက်က ပျဉ်းမနားခရိုင် လယ်ဝေးမြို့သို့ ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံရာတွင် စစ်မှုထမ်းဟောင်းအဖွဲ့ကို ကျစ်ကျစ်လျစ်လျစ် ခိုင်ခိုင်မာမာ စည်းရုံးဖွဲ့စည်းသွားရန်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ရှင်းလင်းမှာကြားသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်းပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၃

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဗဟိုအဆင့်ဆရာဖြစ်သင်တန်း အမှတ်စဉ်(၂/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့်သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

## တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့်ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းမောင်၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေ ကိုယ်စားလှယ် Mr. Daniel B. Baker နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်း နည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးတင်ဝင်းမောင်က အမှာစကားပြောကြားသည်။

## ရှင်းလင်းပြောကြား

ထို့နောက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker က စီမံချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက မကွေးတိုင်း အတွင်းရှိ စီမံချက်ဝင် နတ်မောက်မြို့နယ်နှင့် မြို့သစ်မြို့နယ် နှစ်မြို့နယ်၊ရခိုင်ပြည်နယ် အတွင်းရှိ စီမံချက်ဝင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ် နှစ်မြို့နယ်၊ ချင်းပြည်နယ်အတွင်းရှိ စီမံချက်ဝင် ဟားခါးမြို့နယ်နှင့် ဖလမ်းမြို့နယ် နှစ်မြို့နယ်တို့၌ မြို့နယ်အဆင့် သင်တန်းများနှင့် ရပ်ကွက်ကျေးရွာအဆင့် သင်တန်းများ ပြုလုပ်ရန်အတွက် တစ်မြို့နယ်လျှင် ငွေကျပ် ၁၅၁၈၀၀၀ စီနှင့် ခြောက်မြို့နယ်အတွက် စုစုပေါင်းငွေကျပ် ၉၁၀၈၀၀၀ ကို ပေးအပ်ရာ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ ကိုယ်စား တာဝန်ရှိသူများက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## သင်တန်းကာလ

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ တစ်မြို့နယ်လျှင် ငါးဦးစီ စုစုပေါင်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**



**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ချင်းပြည်နယ်မြို့နယ် အဆင့် သင်တန်းများနှင့် ရပ်ကွက်၊ ကျေးရွာအဆင့် သင်တန်းများပြုလုပ်ရန်အတွက် ငွေကျပ် ၁၅၁၈၀၀၀ကို ပေးအပ်စဉ်။** (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား

**၂၄–၁၀–၂၀၀၆ရက် (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၀၀ ၅။ ခံစားနားဆင် တေးဇာတ်ဝင်
- ၁၇:၁၀ ၆။ **“ရောင်ပြန်ဟပ်ခြင်း”** မင်းအုပ်စိုး၊ ကုသိုလ် (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
- ၁၇:၁၅ ၇။ ကမ္ဘာ့ကုလသမဂ္ဂနေ့တေးများ
- ၁၇:၃၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“တောတွင်းသားငယ်လေး”** (အပိုင်း–၂၀)
- ၁၈:၅၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချင်ခြင်းနှင့်အတူ”** (အပိုင်း–၁၂)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“စပိုင်ချစ်သူ”** (အပိုင်း–၁၆)

# နိဗ္ဗာန်ဈေးပွဲတော်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

(၉)ကြိမ်မြောက် သဃ်န်းကျွန်းမြို့နယ် ဓ/တောင်ရပ်ကွက် ဥက္ကဋ္ဌ ဦးကြည်အေး၏ဦးဆောင်မှုဖြင့် နိဗ္ဗာန်ဈေး ဖြစ်မြောက်ရေးကော်မတီတို့က ရပ်ကွက်အတွင်း ဘုံကထိန်ပွဲတော်၊ မီးထွန်းပွဲတော်နှင့် နိဗ္ဗာန်ဈေးပွဲတော်ကို နိုဝင်ဘာ ၄ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ နိဗ္ဗာန်ဈေးကျွေးမွေးလှူဒါန်းလိုပါက ဓ/တောင်ရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ချစ်ကြည်ရေးအဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Muႆ စစ်သံမှူး Senior Colonel Fan Lian Feng တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးအဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် အောက်တိုဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ညပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။** (အောက်ယာပုံ)

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Guan Muႆ စစ်သံမှူး Senior Colonel Fan Lian Feng နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဧည့်ခံဖျော်ဖြေ**

ဂုဏ်ပြုညစာစားပွဲ၌ ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ **(သတင်းစဉ်)**



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်မြို့နှင့် မန္တလေးမြို့များ၌ ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန် ယနေ့နံနက် ၈ နာရီ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြင်ဦးလွင်မြို့သို့ ထွက်ခွာသွားကြသည်။**

**ကြိုဆို**

ရှေးဦးစွာ ဧည့်သည်တော်တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)



ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော်တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် Chief of General Staff General Liang Guanglie အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ်ပေးအပ်သည်။

**ပို့ဆောင်နှုတ်ဆက်**

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြင်ဦးလွင်မြို့သို့ ထွက်ခွာသွားကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## မှတ်တမ်းတင်ဓာတ်ပုံအယ်လ်ဘမ် လက်ဆောင်ပေးအပ်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Chief of General Staff General Liang Guanglie အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။** (သတင်းစဉ်)



## အထက(၄) ဗိုလ်တထောင်ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် သိမ်ဖြူလမ်းရှိ အထက(၄)၊ အလက(၁)ဗိုလ်တထောင်နှင့်ဘရန့်ချ်ကွန်ဗင့် ကျောင်းသူဟောင်းများက အသက် ၈၀အထက်၊ အသက် ၇၀အထက် ဆရာမကြီး ၁၅ဦးနှင့် အသက် ၆၀အထက်နှင့် အငြိမ်းစားယူသွားသော ဆရာမကြီး ၆၂ဦးတို့အား (၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၅ရက် (ခရစ္စမတ်နေ့)နံနက် ၉နာရီတွင် အထက(၄) ဗိုလ်တထောင် သီရိမာလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေကြွရောက်ကြပါရန်နှင့် ကျောင်းသူဟောင်းများ အနေနှင့်လည်းမပျက်မကွက်တက်ရောက်ကန်တော့ကြပါရန်နှိုးဆော်ထားပြီး အလှူငွေများကို ဒေါ်သီတာခင် ဖုန်း–၂၉၀၇၂၇၊ ဒေါ်စန်းစန်းလှ ဖုန်း–၂၉၃၁၉၇နှင့် ဒေါ်သက်မာဦး ဖုန်း–၂၀၀၉၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က–ပ)**

## အမေရိကန်အနေဖြင့် ကုလသမဂ္ဂကို အသုံးချ မြန်မာ့ပြည်တွင်းရေး စွက်ဖက်မှုအပေါ် ကန့်ကွက်ရှုတ်ချ

နေပြည်တော် အောက်တိုဘာ ၂၃

**မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မွန်ပြည်သစ်ပါတီ (ခွဲထွက်)အဖွဲ့က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို အောက်တိုဘာ ၁၃ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။**

အဆိုပါသဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**မွန်ပြည်သစ်ပါတီ(ခွဲထွက်)အဖွဲ့၏သဘောထားထုတ်ပြန်ကြေညာချက်**

**ရက်စွဲ၊ ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၃ ရက်**

၁။ ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ရက်တွင် အမေရိကန်နိုင်ငံကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏တင်ပြမှုကြောင့် မြန်မာနိုင်ငံအား ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နိုင်သည်ဟူသော စွပ်စွဲချက်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအခြေအနေအား ဆွေးနွေးရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရှိရပါသည်။

၂။ ဤဆုံးဖြတ်ချက်သည် အမေရိကန်အနေဖြင့် ကုလသမဂ္ဂကို အသုံးချပြီး–

(က) မြန်မာနိုင်ငံ၏ ဒို့တာဝန်အရေးသုံးပါးဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော မူဝါဒနှင့်သွေဖည်နေသည်ဖြစ်၍ ပျက်စီးရာပျက်စီးကြောင်း တမင်ကြံရွယ်လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ယူဆသည်။

(ခ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အရ နိုင်ငံတော်၏ လူထုလူတန်းစား အသီးသီးတို့ကို အခြေခံပြီး ကျင်းပပြုလုပ်နေသည့် ပြီးမြောက်အောင်မြင်တော့မည့် အမျိုးသားညီလာခံအပေါ် နှောင့်နှေးကြန့်ကြာစေရန် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ယူဆသည်။

(ဂ) နိုင်ငံတော်၏ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေမည့် ကြံရွယ်လုပ်ဆောင်မှုဖြစ်သည်သာမက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နှောင့်ယှက်ဟန့်တားမှုဖြစ်သည်ဟု ယူဆသည်။

၃။ ထို့ကြောင့် အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို မငြိမ်မသက်ဖြစ်စေခြင်း၊ ပြည်တွင်းရှိ ပြည်သူလူထုများ စားဝတ်နေရေးကျပ်တည်းအောင်လုပ်ဆောင်ခြင်း၊ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို နှောင့်ယှက်စွက်ဖက်ခြင်းစသည်တို့ကြောင့် မွန်ပြည်သစ်ပါတီ(ခွဲထွက်)အဖွဲ့အနေဖြင့် အမေရိကန်နိုင်ငံ၏ သွယ်ဝိုက်သော လုပ်ဆောင်ချက်များအပေါ် လက်ခံနိုင်ခြင်းမရှိကြောင်းနှင့် ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာသည်။

**နိုင်စိုက်ချမ်း**
**ဥက္ကဋ္ဌ**
**မွန်ပြည်သစ်ပါတီ(ခွဲထွက်)အဖွဲ့**

## သွားဘက်ဆိုင်ရာကုသမှုထိုင်ခုံ သရုပ်ပြရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၂၃**

ကျန်းမာရေးနှင့် ပတ်သက်သော ဆေးနှင့်ဆေးပစ္စည်း ကိရိယာများကို တင်သွင်းဖြန့်ချိနေသော Ziza Wa Health Care မှ ဂျာမနီနိုင်ငံ၏ ခေတ်မီနည်းပညာဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ထုတ်လုပ်သော Sirona Foshan အမှတ်တံဆိပ် Dental Chair မိတ်ဆက်ပွဲနှင့် သရုပ်ပြရှင်းလင်းပွဲကို အောက်တိုဘာ ၂၁ရက် ည ၇နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဘမြင့်က အဖွင့်အမှာစကားပြောကြား၍ Ziza Wa Health Care မှ ဒါရိုက်တာဒေါက်တာ စောမရအောင်က Dental Chair အကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြမိတ်ဆက်ပြီး မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းသိန်းက ကျေးဇူးတင်စကားပြောကြားသည်။

Ziza Wa Health Care သည် အမှတ် ၂၁၈ ဗိုလ်ချုပ်လမ်း ဗိုလ်တထောင်မြို့နယ်တွင် တည်ရှိပြီး ရန်ကုန်မြို့အပါအဝင် ပြည်နယ်၊ တိုင်းအသီးသီးရှိမြို့များသို့ နှလုံးထဲတွင်ထည့်ထားရသော နှလုံးသွေးကြောချဲ့ ကိရိယာ အပါအဝင် ဆေးဘက်ဆိုင်ရာ ခေတ်မီကိရိယာများတင်သွင်းဖြန့်ချိလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



**Ziza Wa Health Care မှ ဒါရိုက်တာဒေါက်တာ စောမရအောင်က Dental Chair နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

## ရုပ်သေး “သဒ္ဒါသုမနဇာတ်တော်ကြီး” မည်သူမဆို အခမဲ့ကြည့်ရှုနိုင်

**နေပြည်တော် အောက်တိုဘာ ၂၃**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲတွင် ရုပ်သေး “သဒ္ဒါသုမနဇာတ်တော်ကြီး”ကို ရေဆင်းတက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဆက်လက်ယှဉ်ပြိုင်ကြရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ပြီး အောက်တိုဘာ ၂၄ရက် **(ယနေ့)** တွင် မန္တလေးတိုင်း ရတနာပုံရုပ်စုံသဘင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဇာတ်ဟန် အဆိုအပြောပညာ စဉ်လာမပျက် တိုးတက်စေချင်

မျက်မှောက်ခေတ် မြန်မာ့ဇာတ်သဘင်လောက၏ အစဉ်အလာ ထိန်းသိမ်းမှုမာန် လျော့ရဲအားပျော့လာခဲ့ပုံများကို အတွေးနယ်ချဲ့မိပါသည်။ အခြေပျက်လုနီး သရုပ်ပျက်မှုများ လွှမ်းမိုးလာခဲ့သည့် ဂီတနှင့်သဘင်လောကကို လက်ရှိ တပ်မတော်အစိုးရလက်ထက်ကျမှပင် ပြန်လည်ဆင်ခြင်သုံးသပ်၍ အမျိုးသားရေးတာဝန်အဖြစ် ဦးတည်ချက်များချမှတ်ကာ နှစ်စဉ်မပျက် ဆိုကရေးတီးပြိုင်ပွဲများ ကျင်းပလာခဲ့သည့်အပြင် တစ်ဆင့်ပြီး တစ်ဆင့် တိုး၍တိုး၍ ပြိုင်ပွဲအသစ်များ ကြံဆလာခဲ့သည်ကို အားတက်ဖွယ်ရာ တွေ့လာရပါသည်။ စာပေလောကတွင် မေးမိုန်လွန်းခဲ့သော စင်တင်အဆင့်မီ ပြဇာတ်နှင့် ကဇာတ် စာပေအရေးပြိုင်ပွဲ အစီအစဉ်သစ်ဖိတ်ခေါ်ခြင်းကို နှစ်ထောင်းအားရကြိုဆိုရင်း အလားတူ ပြိုင်ပွဲ အစီအစဉ်သစ်တစ်ရပ်အား စီစဉ်ပေးနိုင်ပါရန် အကြံပြုတင်ပြလိုပါသည်။

အမြော်အမြင်ကြီးမားစွာ နှစ်စဉ်မပျက် ကျင်းပပေးနေသော ဆိုကရေးတီး ပြိုင်ပွဲများအပြင် အငြိမ့်သဘင်ပြိုင်ပွဲများ၊ ရုပ်သေးပြိုင်ပွဲများ၊ ဇာတ်ကြီးဆယ်ဘွဲ့ဝင်ဇာတ်တော်များကို ပြိုင်ပွဲဝင်ကဇာတ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းစေလျက် ပညာရှင်များကို ဖိတ်ခေါ်ယှဉ်ပြိုင်စေခြင်း စသည်များအား ပြည်သူအများ နှစ်ထောင်းအားရရှိကြပါသည်။ နိုင်ငံတော်က ဇာတ်သဘင်လောက၏ ပစ္စက္ခကာလအခြေအနေကို အချိန်မီ ထိန်းမတ်ပေးနေသည်ဟုလည်း သဘောပေါက်မိသည်။

မြန်မာ့ဇာတ်သဘင်လောက၏ ခေတ်အဆက်ဆက် ရေပန်းစားကျော်ကြားခဲ့ကြသော ဇာတ်မင်းသားများအား လေ့လာကြည့်ရာ အကပညာတစ်ခုတည်းဖြင့် အောင်မြင်သူဟူ၍ အလွန်နည်းပါးပြီး အဆိုရော အကပါ ထူးချွန်ကြသူများသာ အထွတ်အထိပ်ရောက် လူကြိုက်များကြသည်ကို သတိပြုမိပါသည်။ အကပညာကိုမူ သင်တန်းပေးဆရာ့ဆရာများ၊ ပန်တျာကျောင်းများ စသည်တို့မှ များပြားလှစွာ မွေးထုတ်ပေးခဲ့ကြသော်ငြားလည်း ဇာတ်ဟန်အစဉ်အလာမပျက် အဆို၊ အငို၊ အပြောပညာကိုမူ သာမန်အရပ်သားများနှင့်မခြား ဆိုကြ ပြောကြသည်များသာ ကြားသိနေရပါသည်။

ဇာတ်ဆရာဟု တင်စားခေါ်တွင်လေ့ရှိခဲ့ကြသော ခေတ်အဆက်ဆက် ဇာတ်မင်းသားများ၏ အခြေခံအနုပညာ ဖြည့်ဆည်းသင်ယူမှုများသည် ဆူလွယ်နပ်လွယ်ပုံစံဖြင့် ပရိသတ်ရှေ့မှောက် စင်တင်ပွဲထုတ်၍ မရစကောင်းပါ။ အချိန်များစွာရင်းပြီး သင်ယူရသည်ဖြစ်ရာ ဇာတ်သဘင်လောကအခေါ် သေတ္တာမှောက်အဆင့် တတ်ကျွမ်းပြီးမှသာ စမ်းသပ်စင်တင်ခဲ့ကြရပါသည်။ ဇာတ်သဘင်သရုပ်ဆောင်များ ဇာတ်ကရာတွင် ဝတ်ဆင်ရသော ဝတ်စားတန်ဆာများ ထည့်သိုထားသော ဇာတ်သေတ္တာအား မှောက်ချလိုက်ရာ ဦးစွာပထမ ထွက်ကျလာသည့် ခေါင်းပေါင်း ပုဏ္ဏားတော်များ၏ ခေါင်းပေါင်း၊ စစ်သူကြီးခေါင်းပေါင်း၊ အမတ်ကြီး၊ ဝန်ကြီးခေါင်းပေါင်းစသည်တို့အား ကောက်ယူဆင်မြန်းပြီး ၎င်းပုဂ္ဂိုလ်၏ ပြောပေါက်ဆိုပေါက်များအတိုင်း စနစ်တကျ ပြောဆို တတ်ကျွမ်းခြင်းအား သေတ္တာမှောက်ဟု ခေါ်ပါသည်။ ထိုထိုသော သရုပ်ဆောင်များ၏ အမှားအမှန်တို့ကို ပြုပြင်ပေးနိုင်မှသာ ဇာတ်ဆရာဟုခေါ်ရိုးထုံးစံရှိခဲ့ရာ ဇာတ်ပညာအခြေခံအားနည်းသူများ ခေါင်းဆောင်ရသည့် ကပွဲများတွင်မူ ဝါရင့်သမ္မာရင့်မင်းသားကြီးများထားရှိ၍ ဦးဆောင်ညွှန်ကြားမှုခံယူ ကပြရပါသည်။ ဆူလွယ်နပ်လွယ် တော်တန်ရုံအရည်အချင်းဖြင့် ဇာတ်ဆရာမဖြစ်နိုင်ပါ။

ခေတ်အဆက်ဆက် ခေါင်းဆောင်မင်းသားသည် အဆိုအကရသ စုံလင်နှစ်ပါးခွင်မှစတင်၍ နောက်ပိုင်း ကဇာတ်ပြီးဆုံး မိုးစင်စင်လင်းသည်အထိ တာဝန်ယူကပြရပါသည်။ ရှေ့ပိုင်းပြဇာတ်အပြီးတွင် အော်ပရာများ၊ ထိုးဇာတ်ခေါ် ဇာတ်လမ်းတိုများလည်း ပြဇာတ်၊ ကဇာတ်များ၏ အတိုအရှည်အလိုက် ဖြည့်စွက်တင်ဆက်ပေးကြရသည်။ နှစ်ပါးခွင် အဖွင့်တွင်လည်း ခေါင်းဆောင်မင်းသား၏ ပညာပါရမီ အနုအရင့် မှတ်ကျောက်တင်နိုင်စေရန် သမားဂုဏ်ပြ မြိုင်ထနှစ်ပါးသွား သီဆိုကပြမှုဖြင့် စတင်ဖွင့်လှစ်လေ့ရှိပါသည်။ အလွန်တရာ ခံ့ညားကျက်သရေရှိလှသော ကြက်သီးမွေးညင်းများပင် ထသွားနိုင်စွမ်းရှိသည့် ရွှေဆိုင်းတော်၏ တီးကွက် အပို့ပညာနှင့် စတင်ရသော သီဆိုမှုဖြစ်ရာ ပါရမီနုငယ်သူများ မသိမသာရှောင်တိမ်းကြသော အဖွင့်တေးဟု နားလည်ကြပါသည်။ အဆိုနှင့် အက၊ အကနှင့် အဆို လိုက်ဖက်လေ လူကြိုက်များလေ ဖြစ်ပါသည်။

နှစ်ပါးခွင်တင်ဆက်မှုကိုလည်း အချိန်အကန့်အသတ်ပေးပြီး ကဇာတ်ကို စတင်ကြရပါသည်။ ဇာတ်မင်းသားတစ်ယောက် နယ်ထွက်နိုင်ရန် နှစ်ပါးသွားတင်ဆက်မှုဖြင့် မလုံလောက်။ ဓမ္မပဒ ငါးရာ့ငါးဆယ်နိပါတ်တော်လာဇာတ်များ၊ ဇာတ်ကြီးဆယ်ဘွဲ့ဝင်ဇာတ်တော်များ၊ ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်များမှလည်းကောင်း၊ တာနောယက္ခ၊ ရှင်မွေးလွန်း မင်းနန္ဒာ၊ သဒ္ဒါသုမန ထိလပ်ပိုးဥ ရွှေချိုးဖြူမူလခဲ၊ ဒွေးမယ်နော် စသည့် မြန်မာ့ရိုးရာဒဏ္ဍာရီပုံပြင် ဇာတ်လမ်းပေါင်းများစွာမှ လည်းကောင်း ကောင်းနိုးရာရာ ဇာတ်ထုပ်ငါးထုပ်ခန့် အနည်းဆုံးကြိုတင်ဇာတ်တိုက် အချောကိုင်ပြီးသားဖြစ်နေရပါသည်။

ခေါင်းဆောင်မင်းသား ဇာတ်ပညာပြည့်ဝကျော်ကြားမှ ဇာတ်အဖွဲ့သူ ဇာတ်အဖွဲ့သားများ စားဝတ်နေရေး အထိုက်အလျောက် ပြေလည်ရသည်ဖြစ်ရာ ဇာတ်မင်းသားကျော်ကြားမှုရစေရန် သရုပ်မှန်အစီအမံများဖြင့် ကြိုးစားခဲ့ကြသည်။ အကပညာ၊ အဆိုအငိုအပြောပညာ၌ ရင့်ကျက်မှုရှိရန် အလွန်အရေးပါပါသည်။

ခေါင်းဆောင်မင်းသားသည် ဇာတ်ကနေစဉ် ကျန်သရုပ်ဆောင်များနှင့် မတူ အသံသြဇာဓာတ်ပြည့်ဝခြင်း၊ စကားလုံးများ ဗလုံးဗထွေးမဖြစ်စေဘဲ ရှင်းသန့်ခံ့ထည်ခြင်း၊ ဆိုပေါက်ပြောပေါက်များတွင်လည်း ဝိုင်းတော်တီးဆရာ၏ ပတ်သံပေးများကို အဖော်ပြု၍ သာမန်သရုပ်ဆောင်များနှင့် မတူရလေအောင် ပြောဆိုရခြင်း၊ အသံအနိမ့်အမြင့်၊ အတက်အကျများဖြင့် နှုတ်ခွန်းဆက်အာလုတ်သံများ၊ ကဗျာလင်္ကာများ၊ ပါဠိပါဌ်သားများ၊ ပေါရာဏခေါ် ခေတ်နှောင်း ရှေးရိုးဝေါဟာရများ၊ ရိုးရာစကားပုံများ၊ သံချိုသံပေါက်၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ ဗုံထောက်သံများ၊ သဖြန်များ၊ ရာသီဘွဲ့များ စသည်ဖြင့် ရွတ်ဆိုနိုင်အောင် လေ့လာဆည်းပူးထားရပေသည်။

## မျိုးမြင့်မြတ် (ပျဉ်းမနား)

ကြည်နူးဆွတ်ပျံ့ သာယာနာပျော်ဖွယ်ကောင်းလှသော မြိုင်ထတစ်ကိုယ်တော် သီဆိုမှုများနှင့်ထပ်တူ မင်းသမီးနှင့် ပူးပေါင်းသီဆိုမှုတွင် အခေါ်အငင်၊ အချော့အပင့်၊ ဆိုင်းဆင့်များစသည့် ရိုးရာမပျက် ဆိုဟန်ဆိုပေါက်များကို သံစဉ်အလှအပများဖြင့် ပသာဒရှိရှိ ကပြအသုံးတော်ခံနိုင်မှသာလျှင် ဇာတ်မင်းသားကောင်းအဖြစ် ကျော်ကြားမည်သာ ဖြစ်ပါသည်။

ပညာရဲရင့် ပွဲလယ်တင့်၏ ဆိုရိုးစကားနှင့်အညီ ပညာရည်ပြည့်ဝသူများအား နိုင်ငံတော်က အခါအားလျော်စွာ ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးခဲ့ကြပေသည်။ အဆိုအကပသာဒရှိရှိ တင်ဆက်နိုင်စွမ်းရှိသူများကို ဝဏ္ဏကျော်ထင်ဘွဲ့များချီးမြှင့်သကဲ့သို့ နှုတ်မှုစွမ်းရည်ပြည့်ဝမြင့်မားသူများအား အလင်္ကာကျော်စွာ ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့ကြပေသည်။ ဦးစိန်ခို၊ ရွှေမန်းတင်မောင်တို့အား အလင်္ကာကျော်စွာဘွဲ့များ ချီးမြှင့်သကဲ့သို့ မင်္ဂလာဦးအောင်မောင်း၊ စိန်အောင်မင်းတို့အား ဝဏ္ဏကျော်ထင် ဘွဲ့တံဆိပ်များအပ်နှင်းခဲ့ကြပေသည်။ အလင်္ကာကျော်စွာဆုရှင် မင်းသားကြီး ရွှေမန်းတင်မောင်သည် အကနှင့် အဆိုပညာထက် သပ်ရပ်ချိုသာသော အပြောပညာတွင် သူမတူအောင် နားဝင်ပီယံဖြစ်စေခဲ့သူဖြစ်ပါသည်။ သဒ္ဒါရုံအသံ၏ကောင်းခြင်းတွင် သံစဉ်အနိမ့်အမြင့်၊ အရစ်အဝိုက်၊ အဖိအဖော့၊ အဆွဲအငင်၊ အဖြတ်အတောက် အလွန်တော်သည့် အသံပါရမီရှင်တစ်ဦးဖြစ်ပါသည်။

ထိုကဲ့သို့သော ပညာရည်ပြည့်ဝသူ ဇာတ်မင်းသားကြီးများ သမိုင်းတွင်အောင် ပေါ်ထွက်ခဲ့ဖူးရာ အချို့သက်ကြီးပညာရှင်ကြီးများ ယနေ့ထက်တိုင် သက်ရှိထင်ရှား ရှိနေကြဆဲဖြစ်၍ မျိုးဆက်သစ်များ ချဉ်းကပ်ဆည်းပူးရန် အခွင့်အလမ်းရှိနေဆဲဖြစ်ပါသည်။ အရိုးကို အရွက်မဖုံးရန် ရိုးသားကြိုးစားမှု မာန်သွင်းကြရင်း အချိန်မနှောင်းမီ မိမိတို့၏ ဂုဏ်ကျက်သရေကို မြှင့်တင်ကြရပါမည်။

နှောင်းခေတ်နာမည်ကျော်မင်းသားကြီးများ၏ မှတ်တမ်းမှတ်ရာများအဖြစ် အမွေအနှစ်ဟုဆိုအပ်သော ဓာတ်ပြားသွင်းဇာတ်ထုပ်များ၊ စပါယ်ရှယ်ဘောက်ပြားခေါ် သီးသန့်ထုတ်ဓာတ်ပြားများ၊ ရာသီဘွဲ့၊ မြိုင်ထ၊ သစ္စာထားနှစ်ပါးသွားတေးသီချင်းများကို လက်လှမ်းမီသရွေ့ ရှာဖွေဖော်ထုတ်ကြ၍ မျိုးဆက်သစ်များ စံပြုနမူနာယူ လေ့လာစေချင်ပါသည်။ အတုယူစံပြုနိုင်ရန် အလို့ငှာ လက်လှမ်းမီသရွေ့ ဓာတ်ပြားဇာတ်ထုပ်များ၊ အသံသွင်းတိပ်ခွေများကို မြန်မာ့အသံ ရှေးဟောင်းဓာတ်ပြားတိုက်တွင်လည်းကောင်း၊ အသံသွင်းလုပ်ငန်းဌာနများတွင်လည်းကောင်း၊ ဇာတ်မင်းသားကြီးများ၏ သားသမီးမြေးမြစ်များထံတွင်လည်းကောင်း ရှာဖွေဆည်းပူးလေ့လာကြပါရန်နှင့် တွေ့ရှိပြီးဖြစ်သော ရှားပါးမှတ်တမ်း မှတ်ရာဓာတ်ပြားများကိုလည်း အမျိုးသားရေးတာဝန်အဖြစ် ရည်ရွယ်ချက်ထား ကူးယူပွားများဖြန့်ဝေသင့်ကြပါသည်။

ဂရိတ်ဦးဖိုးစိန် (မပြလွင် ခေါ် ကောလိပ်စိန်နှင့်တွဲဖက်) တာနောယက္ခဇာတ်၊ မောရစကြာ(ဥဒေါင်းမင်းဇာတ်)၊ ကာကဝလိယဇာတ်၊ သာလိကုမာရဇာတ်(၁၉၇၀ပြည့်တွင်မြန်မာ့အသံမှထုတ်လွှင့်ခဲ့ဖူး)၊ ဆင့်ကဲဘို့မယ်ဇာတ်၊ ပဒုကုသလဇာတ်၊ ဆဒ္ဒန်ဆင်မင်းဇာတ်နှင့် တန်ခူးလနှင့်ကဆုန်လဘွဲ့ ရာသီဘွဲ့ဘောက်ပြား (နောင်အခါ ၁၉၅၅ခုနှစ်တွင် စိန်အောင်မင်းပြန်လည်ဆန်းသစ်ခဲ့)၊ ဝဏ္ဏကျော်ထင် မင်္ဂလာဦးအောင်မောင်း (ပဲခူးမြ၊ ဓာတ်ဆီ၊ ဓာတ်စံတို့နှင့်တွဲဖက်)၊ မဟာပဒုမဇာတ်၊ မဟာဇနကဇာတ်၊ ယောရှုဝဇာတ်၊ ပန်းပဲမောင်တင့်တယ်ဇာတ်၊ မဟာဒုက်ဇာတ်၊ ဣလိသဿဒ္ဓိစိတ္တဇာတ်၊ အသံဝိဇ္ဇာ (ဓာတ်ပြားတက္ကသိုလ် ရွှေကျီးညို၊ ပဲခူးမြ၊ ဓာတ်ဆီ၊ ဓာတ်စံတို့နှင့်တွဲဖက်)၊ ဖိုးတူအောင်ဖြူ၊ မာဒင်္ဂ၊ ပဥ္စပါပီ၊ သဒ္ဒါသုမန၊ ဒွေးမယ်နော်၊ သုမ္မမိတ္တာ၊ စန္ဒကုမာရဇာတ်များနှင့် ဖိုးသူတော်ဦးမင်း၏ ရာသီဘွဲ့ဘောက်ပြားများ။

၁၉၇၃ခုနှစ် မြန်မာ့အသံဇာတ်သဘင်အဖွဲ့ ဖျော်ဖြေခန်းတစ်ခု၌ စာရေးဆရာသခင်တင်ဦး ကမကထပြု၍ အသံဝိဇ္ဇာမင်းသားကြီး ဦးရွှေကျီးညိုနှင့် ပူးပေါင်းတင်ဆက်သွားပုံကို အနည်းငယ်တင်ပြလိုပါသည်။

**ရွှေဗဟိုစည်သံများကိုလ မကြားရကြာချေပြီ၊ လေးလရာသီ**
**တိုင်းဌာနီ မဟုတ်ကယ်ပါပြီလို့**
**ကြက်သံကို ဗဟိုပြုရတယ် တောသူ့ရွာမို့**

ဟူသော တိုင်းသိပြည်သိ တြိချိုးကြီးကို ဆိုနည်းဆိုဟန် လေးမျိုးတစ်မျိုးစီပြောင်းလဲသီဆိုပြသွားခဲ့သည်မှာ သာယာနာပျော်ဖွယ် ရှိလှပါသည်။ ပထမဗုံကြီးသံတေးသွား၊ ဒုတိယခွန်းထောက်သဖြန် သီဆိုဟန်၊ တတိယ ငိုချင်းချသီဆိုဟန်၊ စတုတ္ထ တေးထပ်သွားသံချိုအေး သီဆိုဟန်တို့ဖြင့် သံနေသံထားပြောင်း၍ပြောင်း၍ ပညာစွမ်းပြ တင်ဆက်သွားခဲ့ပုံများအား ပြန်လည် ကြားယောင်မိပါသည်။ မြန်မာ့အသံ၌ ၎င်းအသံလွှင့်ချက်ရှိနေသေးပါက ပြန်လည်စိစစ်ထုတ်လွှင့် ပေးစေချင်ပါသည်။

### သရုပ်ပျက်တီထွင်မှုနှင့် သရုပ်မှန်အကျိုးပြုတီထွင်မှု

စမ်းသပ်တီထွင်မှုကို လူအများ ကြိုက်နှစ်သက်ကြသည်မှာ မဆန်း။ သရုပ်မှန်ဖို့သာ အရေးကြီး၏။ ရှေးခေတ်ကတည်းက တီထွင်မှုများစွာ ရှိခဲ့ကြပါသည်။ ဥပမာပြဆိုပါမည်။ မင်္ဂလာဦးအောင်မောင်း၏ ခြေထိုးအက၊ မြန်မာ့ဇာတ်သဘင်လောကတစ်ခုလုံး သူတစ်ဦးတည်းသာလျှင် တီထွင်သွားခဲ့ပြီး ယနေ့တိုင် မည်သူမျှမစွမ်းနိုင်သော ပညာဖြစ်ပါသည်။ ဆယ်စုနှစ်သုံးခုကျော်မျှ (တောင့်ထားကွအောင်မောင်း)ဟူသော ဗန်းစကား ပြည်သူကြားတွင် တွင်ကျယ်ခဲ့ဖူးပါသည်။ ဖိနပ်ပျော့ပျော့လေးအောက်၌ မည်သည့်ဘီးလုံးငယ်များမှ တပ်ဆင်ထားခြင်းမရှိဘဲ ခြေကိုတော့၍တော့၍ ဇာတ်ခုံတစ်နေရာမှတစ်နေရာ လျင်မြန်စွာ ခြေထိုးပညာသုံး ပြေးလွှားသွားပုံမှာ ရင်သပ်ရှုမောဖွယ်ဖြစ်သဖြင့် ပရိသတ်များက တောင့်ထားကွ အောင်မောင်းဟု အော်ဟစ်အားပေးကြပုံများကို ပြန်လည်ကြားယောင်မိသည်။ မည်သူတစ်ဦးကမျှ သရုပ်ပျက်တီထွင်မှုဟု မပြောခဲ့ကြ။

ဓားအကဝိဇ္ဇာ ဗန္ဓုလကျော်စိန်၏ ဓားနှစ်လက်အက၊ ကလပ်ခုံကြီးတစ်ခုပေါ်၌ ဓားများကို ကျင်လည်စွာ ဖော့ယမ်းကစားရင်း ရုတ်တရက်အထက်သို့ ပစ်တင်လိုက်ပြီး ပြန်အကျတွင် ဓားအကမပျက် ပါးစပ်ဖြင့် ဖမ်းယူပြသပုံ၊ ခန္ဓာကိုယ် ပုံစံအမျိုးမျိုးပြောင်း၍ ဓားကစားပြသွားပုံမှာ ရင်ခုန်ဖွယ် ကြောက်ခမန်းလိလိ တီထွင်ကပြခြင်းဖြစ်၍ မည်သူကမျှ သရုပ်ပျက်သည်ဟု မပြောကြ။

ဂရိတ်ဦးဖိုးစိန်၏သားများ (ကနက်စိန်၊ တသက်စိန်၊ စိန်ကြိုင်) ညီနောင်သုံးဖော်မှ ကနက်စိန် (ရဲစိန်၏ဖခင်) ဦးဆောင်၍ ရန်ကုန်ကန်တော်ကြီး ကနေဒီကျွန်းရေပြင်ထက်၌ ရေလွှာလျှောစီးအက တီထွင်ကပြခဲ့ဖူးပါသည်။ ပရိသတ်များ ကမ်းလုံးပြည့် တစ်ခဲနက် အားပေးကြသကဲ့သို့ ၎င်းစိန်ညီအစ်ကို မြို့ကြီးတချို့တွင် ဇာတ်ခုံပေါ်၌ ရေခဲတုံးရေခဲပြင်များ ခင်းကျင်းပြီး အလှပြစကိတ်စီး ဘဲလေးအကများ တီထွင်ကပြသွားခဲ့ဖူးပါသည်။ သရုပ်ပျက်သည်ဟု ဝေဖန်သံ မကြားခဲ့ရဖူးပါ။

သို့ဖြစ်ရာ ခေတ်အဆက်ဆက် ရိုးရာမပျက်စေသော အစဉ်အလာကို တန်ဖိုးမြှင့်တင်ကြရင်း သရုပ်မပျက်၊ မရိုင်းပျသော တီထွင်မှုများ ပူးတွဲတင်ဆက်ခွင့်ရှိခဲ့သော်ငြားလည်း သရုပ်မှန်အခွင့်အလမ်းကို မထိမဲ့မြင်ပြုပြီး ထင်ရာစိုင်းခြင်းမျိုးကိုမူ အမျိုးသားရေးအမြင်ဖြင့် အလေးအနက်ထား၍ ရှောင်ရှားသင့်ပါကြောင်းနှင့် **အကပြိုင်ပွဲများနှင့်ထပ်တူ အဆို အပြော ဇာတ်ဟန်ပြိုင်ပွဲများ၊ ဖိတ်ခေါ်ယှဉ်ပြိုင်မှုများဖြင့် တိမ်ကောလာနေသည့် ဇာတ်အဆို အငို အပြော ပညာအား ပြန်လည်လမ်းဖွင့် အသက်သွင်းပေးသင့်**ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**အကပြိုင်ပွဲများနှင့်ထပ်တူ အဆိုအပြော ဇာတ်ဟန်ပြိုင်ပွဲများ၊ ဖိတ်ခေါ် ယှဉ်ပြိုင်မှုများဖြင့် တိမ်ကောလာနေသည့် ဇာတ်အဆိုအငိုအပြော ပညာအား ပြန်လည်လမ်းဖွင့် အသက်သွင်းပေးသင့်။**

24-10 (10) 1 10/24/06, 2:04 AM

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အမက(၄၄)လှိုင်သာယာသို့ ဗလာစာအုပ်များနှင့်စာရေးကိရိယာများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၃

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် အလှူငွေများပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီက ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ လှိုင်သာယာမြို့နယ် အမှတ်(၄၄) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်ဒေသ စည်းရုံးရေးမှူး ဒေါ်ဝေဝေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် ဒေသစည်းရုံးရေးမှူး ဒေါ်ဝေဝေတို့က မူလတန်းကျောင်းအတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းလှက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထို့နောက် ဌာနကြီးမှူးနှင့် ဒေသစည်းရုံးရေးမှူးတို့က ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူခြောက်ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သောင်း စီနှင့် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများကိုလည်းကောင်း၊ ကျန်ရှိသော ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်နှင့် စာရေးကိရိယာများကို လည်းကောင်း တစ်ဦးချင်းစီ ပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း လှိုင်သာယာမြို့နယ် အမှတ်(၄၄) အခြေခံပညာမူလတန်းကျောင်းတွင် ဘက်စုံထူးချွန်သော ကျောင်းသူတစ်ဦးအား ဂုဏ်ပြုငွေနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။** (သတင်းစဉ်)



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး) တွင် အမှတ်(၃၆) ဟသ်ာတလမ်း စမ်းချောင်း ရန်ကုန်မြို့နေ မိခင်ကြီး ဒေါ်တင့်(၂၇နှစ်ပြည့်)အားရည်စူး၍ ဦးခင်မောင်မြင့်–ဒေါ်ယဉ်ယဉ်မြင့် မိသားစုက အလှူငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးသိန်းထိုက်ဦးထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## အထက(၁)ကြည့်မြင်တိုင် အာစရိယပူဇော်ကြမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (ယခင်အေဘီအမ် ကြည့်မြင်တိုင် မိန်းကလေးအထက်တန်းကျောင်း)၏ တတိယအကြိမ် စုပေါင်းအာစရိယပူဇော်ပွဲကို နိုဝင်ဘာ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မြဝတ်ရည်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စုပေါင်း အာစရိယပူဇော်ပွဲသို့ အပူဇော်ခံဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် အထက(၁)ကြည့်မြင်တိုင် ဖုန်း–၂၂၀၃၆၂၊ ဒေါ်စွမ် ဖုန်း– ၂၂၃၃၂၅၊ ဒေါ်ခင်တီတီ ဖုန်း–၅၁၂၆၆၇၊ ဒေါ်ကြူကြူမြင့် ဖုန်း– ၅၃၄၇၄၇နှင့် ဒေါ်ဝင်းဝင်းမေ ဖုန်း–၇၂၁၇၀၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ ပြပွဲလာများစိတ်ဝင်စား အများပြည်သူများ ယနေ့မှစ၍ ကြည့်ရှုလေ့လာနိုင်ကြပြီ

ရန်ကုန် အောက်တိုဘာ ၂၃

**သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်သည့် မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ကို ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ အောက်တိုဘာ ၂၁ရက်မှ ၂၃ရက်အထိ လုပ်ငန်းရှင်များ၊ ပြည်ပမှ ဧည့်သည်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများကို လေ့လာကြည့်ရှုခွင့်ပြုခဲ့ရာ အောက်တိုဘာ၂၄ရက်(ယနေ့)မှ စတင်၍ အများပြည်သူများအား လေ့လာကြည့်ရှုခွင့်ပြုမည်ဖြစ်သည်။**

**သတင်းဆောင်းပါး ကိုထွေး**

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းအောက်၌ ပြည်တွင်းပရိဘောဂလုပ်ငန်းရှင်များ အစုအဖွဲ့ကို ဖွဲ့စည်းထားရာ ယခုပြပွဲ၌ ပြည်တွင်း ပရိဘောဂလုပ်ငန်းရှင်များ အစုအဖွဲ့၏ အစီအစဉ်ဖြင့် ပြည်တွင်းပရိဘောဂဆိုင်ကိုးဆိုင် ပါဝင်ပြသကြသည်။

**တွေ့ဆုံမေးမြန်း**

ပြည်တွင်း ပရိဘောဂလုပ်ငန်းရှင်များအစုအဖွဲ့၏ အစီအစဉ်ဖြင့် ပစ်တိုင်းထောင် ပရိဘောဂ၊အောင်စည်မိုး ပရိဘောဂ၊ ချမ်းမြေ့သာ ပရိဘောဂ၊ ကျူးပစ်(Cupid)ပရိဘောဂ၊ ထူးမြတ်ပရိဘောဂ၊ ရွှေမှီပရိဘောဂ၊ SINMA ပရိဘောဂ၊ လှကမ္ဘာပရိဘောဂနှင့် မြန်မာစတိုင်ပရိဘောဂတို့မှ ပြခန်းများပြသထားရာ မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာ ပစ်တိုင်းထောင် ပရိဘောဂလုပ်ငန်းပြခန်းမှ မန်နေဂျာ ဦးအုန်းသက်အားမေးမြန်းရာတွင် "မိမိတို့ ပြခန်း၌ အိမ်တွင်းသုံးပစ္စည်းများကို အဓိကထားပြသထားကြောင်း၊ အထူးအစီအစဉ်အနေဖြင့် ထမင်းစားပွဲဝိုင်းများပြသထားရာ စားပွဲအောက်ခြေတိုင်ကို ယခင်ကကဲ့သို့ တိုင်လုံးသက်သက်ဖြင့် မပြုလုပ်ဘဲ အသုံးအဆောင်ပစ္စည်းများထားနိုင်အောင် ပြုလုပ်ထား၍ ပြပွဲလာများက စိတ်ဝင်စားကြကြောင်း၊ နိုင်ငံခြားဧည့်သည်များက F.O.B စနစ်ဖြင့် ဝယ်ယူလိုပြီး ကမ်းလှမ်းမှုများရှိပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

**ကျယ်ကျယ်ပြန့်ပြန့်**

ဆက်လက်၍ အောင်စည်မိုး ပရိဘောဂလုပ်ငန်းပြခန်းမှ ဆိုင်ရှင် ဒေါ်သန္တာမြင့်အား မေးမြန်းရာတွင် "မိမိတို့ပြခန်း၌ ကြမ်းခင်းတုံး (ပါကေး) နှင့် တံခါးများကိုအဓိကထား ပြသပါကြောင်း၊ ယခုပြပွဲ၌ ပြသရခြင်းကြောင့် အမြင်ပိုကျယ်လာကြောင်း၊ နောင်နှစ်များ၌ ယခုထက်ကျယ်ကျယ်ပြန့်ပြန့် ပြသသွားမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ချမ်းမြေ့သာ ပရိဘောဂလုပ်ငန်းပြခန်းမှ ဒေါ်ယုယုဌေးကလည်း "မိမိတို့ပြခန်း၌ လူသိနည်းသော အခြားသစ်များဖြင့်ပြုလုပ်ထားသည့်ပရိဘောဂများကို ဦးစားပေးပြသထားကြောင်း၊ ပြပွဲမှရရှိသည့်အတွေ့အကြုံဖြင့် အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး သုံးစွဲသူများအပေါ် မည်သို့တုံ့ပြန်ဖြည့်ဆည်းနိုင်မည်ကို အတွေ့အကြုံကောင်းများရရှိကြောင်း"မြန်မာ့အလင်းသို့ ပြောကြားသည်။

**အမြင်ချင်းဖလှယ်**

ဆက်လက်၍ ကျူးပစ်(Cupid) ပရိဘောဂလုပ်ငန်းပြခန်းမှ ပိုင်ရှင် ဒေါ်ဆွေဆွေထွန်းအားမေးမြန်းရာတွင် "မိမိတို့ဆိုင်အနေဖြင့် ပြည်ပပို့ရန်အဓိကရည်ရွယ်ပြီး တစ်စစီဖြုတ်တပ်၍ရသည့် ပရိဘောဂပစ္စည်းများကို အဓိကထားပြသကြောင်း၊ အခြားသစ်များထဲမှ ဘင်ဂ၊ ယမနေစသည်တို့ကို ပရိဘောဂလုပ်ပြီး မလေးရှား၊ စင်ကာပူနိုင်ငံများသို့တင်ပို့ရန် ဆွေးနွေးလျက်ရှိကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ထူးမြတ်ပရိဘောဂလုပ်ငန်း ပြခန်းမှ ပိုင်ရှင်ဦးဇော်နိုင်က ပြောကြားရာတွင် "မိမိတို့ပြခန်း၌ ပိတောက်နှင့် ကျွန်းသားပရိဘောဂများကို အဓိကထား ပြသထားကြောင်း၊ ဥရောပစတိုင်နှင့် အာရှစတိုင်ဒီဇိုင်းများကို ဦးစားပေးပြုလုပ်ထား၍ နိုင်ငံခြားမှဧည့်သည်များ ပိုမိုစိတ်ဝင်စားသည်ကို တွေ့ရကြောင်း၊ ဆိုင်အချင်းချင်း လက်ရာအပြိုင်အဆိုင် လုပ်ကြရင်း ဒီဇိုင်းအသစ်များ ရရှိလာမည်ဖြစ်ကြောင်း" ပြောကြားသည်။

**အိမ်သုံးပရိဘောဂ**

ဆက်လက်၍ ရွှေမှီပရိဘောဂလုပ်ငန်းပြခန်းမှ ဆိုင်ရှင် ဦးဉာဏ်ဝင်းကို မေးမြန်းရာတွင် "မိမိတို့အနေဖြင့် လူသုံးများသော အိမ်သုံးပရိဘောဂများကို အဓိကထားပြသထားကြောင်း၊ ပြည်ပဧည့်သည်များက Garden Furniture ကို ပိုမိုစိတ်ဝင် စားကြောင်း၊ ယခုပြပွဲ၌ ရောင်းရသည် ဖြစ်စေ၊ မရောင်းရသည်ဖြစ်စေ အကျိုးရှိပါကြောင်း"မြန်မာ့အလင်းသို့ ပြောကြားသည်။

SINMA ပရိဘောဂလုပ်ငန်းပြခန်းမှ ဆိုင်ရှင် ဒေါ်ယုယုခိုင်အား မေးမြန်းရာတွင် "SINMA အနေဖြင့် ရုံးသုံး၊အိမ်သုံး၊ကျောင်းသုံး၊ အားကစားသုံး ပရိဘောဂများကို အရေအတွက်ထောင်ချီ၍ ထုတ်လုပ်နေသော်လည်း ယခုပြပွဲ၌ အိမ်သုံး ပရိဘောဂကို အဓိကထားပြသကြောင်း၊ ပြင်သစ်၊ ဟော်လန်၊ ဘယ်လ်ဂျီယံ၊ ဂျပန်နိုင်ငံများကို Semi Product ပရိဘောဂများကို အဓိကထားတင်ပို့ကြောင်း၊ ပြပွဲကျင်းပပေးခြင်းဖြင့် ကုန်ကြမ်းနှင့် စက်ရုံရှိပြီး ဈေးကွက်မရှိသေးသူများအတွက်လည်း အဆင်ပြေပါကြောင်း" ပြောကြားသည်။

**စမ်းသပ်ပြုလုပ်**

ဆက်လက်၍ လှကမ္ဘာပရိဘောဂလုပ်ငန်းပြခန်းမှ ဒါရိုက်တာ ဦးကျော်မင်းဟန်အား မေးမြန်းရာတွင် "၂၀၀၄ ခုနှစ် ပထမအကြိမ်ပြပွဲ၌ ကျွန်းသစ်ဖြင့်ပြုလုပ်သော ပရိဘောဂများကိုသာ ပြသခဲ့ကြောင်း၊ ယခုပြပွဲ၌ ယမနေ၊ ကရစ်၊ ယူကလစ်၊ ရော်ဘာစသည့် အခြားသစ်များဖြင့် စမ်းသပ်ပြုလုပ်ထားသည့် ပရိဘောဂများကို အဓိကထားပြသထားရာ ပြပွဲလာများ စိတ်ဝင်စားမှု ပိုမိုများပြားပါကြောင်း" ပြောကြားသည်။

**အမျိုးအမည်အစုံ**

မြန်မာစတိုင်ပရိဘောဂလုပ်ငန်းပြခန်းမှ မန်နေဂျာ ဦးကျော်ဝင်းကလည်း "ခေတ်မီသည့်ပရိဘောဂဒီဇိုင်းများကို ဦးစားပေးပြသထားကြောင်း၊ ပြခန်းအတွက်ရည်ရွယ်ပြီး ဒီဇိုင်းအသစ်များကို တီထွင်လုပ်ဆောင်ထားပါကြောင်း၊ မြန်မာစတိုင်ဆိုသည့်အတိုင်း မြန်မာ့မူဟန်ကို ပေါ်လွင်အောင်ပြသခြင်းဖြစ်ကြောင်း၊ ကျွန်းကိုအဓိကထားပြီး လုပ်ကိုင်သော်လည်း မှာကြားမှုရှိပါက အခြားသစ်များဖြင့်လည်း လုပ်ကိုင်ပေးပါကြောင်း၊ ပြပွဲပြုလုပ်ပေးခြင်းဖြင့် တိမ်မြှုပ်နေသည့် မြန်မာ့အနုပညာပန်းပုလက်ရာများကိုလည်း ဖော်ထုတ်ပေးနိုင်ကြောင်း၊ ပစ္စည်းအမျိုးအမည်အစုံကို တစ်နေရာတည်း၌ တွေ့ရကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

**ကြည့်ရှုလေ့လာနိုင်**

မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ကို အောက်တိုဘာ ၂၄ရက်(**ယနေ့**)နှင့် ၂၅ရက်တို့တွင် ဆက်လက်ပြသသွားမည်ဖြစ်ရာအများပြည်သူများ ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



**မြန်မာ့ ပရိဘောဂ ပြပွဲ–၂၀၀၆၌ ပြသထားသော ပြည်တွင်း ပရိဘောဂလုပ်ငန်းရှင်များ၏ ပြခန်းမှ ဧည့်ခန်းသုံး ပရိဘောဂ ပစ္စည်းများကို ဤသို့တွေ့ရသည်။** (မြန်မာ့အလင်း)

# ကမ္ဘာတစ်လွှား အားကစား

## ရီးရဲမက်ဒရစ်က ဘာစီလိုနာကိုနိုင်ပြီး အမီလိုက်

ရေးသားတင်ပြသူ
**မြင့်မောင်စိုး**

မက်ဒရစ် အောက်တိုဘာ ၂၃

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇)ပြိုင်ပွဲများကို အောက်တိုဘာ ၂၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ရီးရဲမက်ဒရစ်က ဘာစီလိုနာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အမှတ်ပေးဇယားထိပ်ဆုံးနေရာရောက် ဘာစီလိုနာနောက်သို့ ကပ်လိုက်လာပြီဖြစ်သည်။**



ရီးရဲမက်ဒရစ်မှ ဒီယာရာ၏ ဘာစီလိုနာဘက်သို့ ထိုးဖောက်မှုကို ဉာဏ်သို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ် အသင်းတို့သည် နှစ်မှတ်သာကွာတော့သည်။ အသင်းခေါင်းဆောင် ရာအူးလ်က ပွဲစပြီး သုံးမိနစ်အကြာ ဆာဂျီယိုရာမို့စ် ဖြတ်ပို့သော ဘောလုံးမှတစ်ဆင့် ရီးရဲမက်ဒရစ်အသင်းအတွက် ခေါင်းတိုက်ဂိုးသွင်းယူပေးလိုက်သည်။

**သွင်းယူခဲ့**

ရီးရဲမက်ဒရစ် အသင်းအတွက် ဒုတိယဂိုးကို ဒုတိယပိုင်း ပြန်စပြီး ငါးမိနစ်အကြာ နစ္စတယ်ရွိုင်းက ရော်ဘင်ဟို ဖြတ်ပို့သော ဘောလုံးမှ တစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်း ယခုပွဲ ရှုံးနိမ့်မှုသည် လာလီဂါတွင် ယခုနှစ်၌ ပထမဆုံးဖြစ်သည်။ ဘာစီလိုနာတို့ ယခုပွဲရှုံးလိုက်၍ ဗလင်စီယာအသင်းနှင့် ဂိုးကွာခြားချက်ဖြင့်သာ ထိပ်ဆုံးနေရာကို ဦးဆောင်ခွင့်ရှိတော့သည်။ ယင်းတို့နှစ်သင်းသည် ခုနစ်ပွဲတွင် ငါးပွဲစီအနိုင်ရပြီး ရမှတ် ၁၆မှတ်စီဖြင့် တန်းစီဇယားထိပ်ဆုံး၌ ရှိနေသည်။

ဘာစီလိုနာတို့ ဘောလုံးပိုင်ဆိုင်မှုများသော်လည်း ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဂုတ်ဂျွန်ဆင်သည် ချေပဂိုးများ မသွင်းနိုင်ဘဲဖြစ်ခဲ့ရသည်။ ပွဲအစတွင် ဆာဗီယိုလာ ဖန်တီးပေးသော ဘောလုံးမှာလည်း မက်ဆီ ကန်သွင်းရာ ဂိုးနောက်ဘက်သို့ ကျရောက်၍ အလဟဿ ဖြစ်သွားရသည်။

**ဘားတန်းထိ**

ရီးရဲအသင်း ခေါင်းဆောင် ရာအူးလ်သည် ပွဲချိန် ၁၅မိနစ်တွင် ဒုတိယမြောက်ဂိုးသွင်းယူရန် ကြိုးစားခဲ့သည်။ သို့သော်လည်း ဘားတန်းထိမှန်ပြီး ပြန်ထွက်လာခဲ့သည်။

ဘာစီလိုနာတို့ ချေပဂိုးသွင်းရန် အကြိတ်အနယ် ကြိုးစားသော်လည်း ပြိုင်ဘက် ရီးရဲမက်ဒရစ်အား နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| ဘီလ်ဘာအို | ၀ - ၁ | ဆဲလ်တာဗီဂို |
| အက်စ်ပန်ညို | ၂ - ၂ | ရေးဆင်း |
| ဆီဗီလာ | ၂ - ၁ | ဂျင်နက်စတစ် |
| မာလော့ကာ | ၀ - ၀ | ရီးရဲဆိုစီဒက် |
| ဗလင်စီယာ | ၁ - ၀ | အိုဆာဆူနာ |
| ရီခရီယေးတီဗို | ၁ - ၂ | ဂီတာဖေး။ |

(အင်တာနက်)

## အီတလီစီးရီးအေပွဲများ ဆက်လက်ယှဉ်ပြိုင် ထိပ်ဆုံးရောက်အင်တာမီလန်နှင့် ရိုးမားသရေပွဲနှင့်ကြုံ

**စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ**

ရောမ အောက်တိုဘာ ၂၃

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၇)ကို အောက်တိုဘာ ၂၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်တာမီလန်အသင်းသည် အူဒီးနိစ်အသင်းကို ဂိုးမသွင်းနိုင်ဘဲ ပွဲသိမ်းခဲ့ရသည်။**



အင်တာမီလန် ကွင်းလယ်ကစားသမား လူးဝစ်ဖီဂို(ဝဲ)နှင့် အူဒီးနိစ်နောက်တန်းလူ ဒေါ့စ်ဆီနာတို့ ဉာဏ်သို့ အကြိတ်အနယ် ဘောလုံးယှဉ်လုခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

**ဦးဆောင်နေဆဲ**

သို့သော်လည်း အင်တာမီလန်အသင်းသည် ရှုံးပွဲမရှိ စံချိန်ကိုဆက်ထိန်းထားနိုင်ခဲ့သည်။ ခုနစ်ပွဲ ကစားပြီးချိန်တွင် အင်တာမီလန် အသင်းသည် လေးပွဲနိုင်၊သုံးပွဲသရေဖြင့် ရမှတ် ၁၅မှတ်ရရှိကာ ပါးမားအသင်းနှင့်အတူ ပြိုင်ဘက်အသင်းများကို ဦးဆောင်နေဆဲဖြစ်သည်။

**အပြန်အလှန်သွင်း**

ထို့အတူ ရိုးမားအသင်းသည် ချီယေဗိုအသင်းကို အိမ်ကွင်း၌ တစ်ဂိုးစီ အပြန်အလှန် သွင်းယူခဲ့ကြသဖြင့် သရေပွဲနှင့် ကြုံရပြန်သည်။

**ချေပဂိုး**

ချီယေဗိုအသင်းသည် အဝေးကွင်း ဖြစ်သော်လည်း ရိုးမားအသင်းကို ဦးဆောင်ဂိုးသွင်းနိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၄၀ တွင် ပယ်လစ်စီယာက ချီယေဗိုအသင်းအတွက် သွင်းယူခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ရိုးမားတိုက်စစ်မှူး တော့တီက ပွဲချိန် ၆၆ မိနစ်တွင် ချေပဂိုး သွင်းယူနိုင်ခဲ့သည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| အတ္တလန်တာ | ၃ - ၂ | ဆမ်ဒိုးရီးယား |
| ကာတန်နီယာ | ၃ - ၁ | လာဇီယို |
| ဖီအိုရင်တီးနား | ၃ - ၀ | ရက်ဂျီးနား |
| လီဗော်နို | ၀ - ၀ | ဆီနာ |
| ပါးမား | ၁ - ၀ | အက်စ်ကိုလီ။ |

(အင်တာနက်)

## ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား မက်ဒရစ်မာစတာဖလားဆွတ်ခူး




**ရော်ဂျာဖက်ဒဲယား မက်ဒရစ် မာစတာဖလား ကိုင်မြှောက်၍ ဉာဏ်သို့ အောင်ပွဲခံခဲ့သည်။**
(ဓာတ်ပုံ-အင်တာနက်)

**မက်ဒရစ် အောက်တိုဘာ ၂၃**

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် မက်ဒရစ်မာစတာဖလား တင်းနစ်ပြိုင်ပွဲတွင် ဖာနန်ဒိုဂွန်ဇာလက်ဇ်ကို ၇-၅၊ ၆-၁၊ ၆-၀ ဖြင့် အနိုင်ရပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။

**အနိုင်ရဖလား**

အဆိုပါ ဖလားမှာ ဖက်ဒဲယား၏ ၁၉ လုံးမြောက် ဆက်တိုက် အနိုင်ရသည့် ဖလားဖြစ်သည်။ ၎င်းသည် ယခုနှစ်အတွင်း ၈၂ပွဲ အနိုင်ရပြီး ငါးပွဲသာ ရှုံးခဲ့သည်။

**ပထမဆုံး**

၎င်းသည် အိုးပင်းတင်းနစ်ခေတ်တွင် သုံးနှစ်ဆက်တိုက် ဖလားဆယ်လုံး ဆွတ်ခူးနိုင်သည့် ပထမဆုံးသော တင်းနစ်ကစားသမား ဖြစ်လာသည်။

**(အင်တာနက်)**

## အားကစား သတင်းအတိုအထွာ

မက်ဒရစ် အောက်တိုဘာ ၂၃

- **ဒီပို့တီဗိုအသင်းသည် အက်သလက်တီကို အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး လာလီဂါ အမှတ်ပေးဇယား ဒုတိယနေရာသို့ တက်လာခဲ့သည်။**
- **အီတလီ စီးရီးဘီရောက် ဂျူဗင်းတပ်စ်အသင်းသည် ထရီယက်စတင်နာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ၎င်းအနိုင်ရမှုသည် ဂျူဗင်းတပ်စ်၏ ခြောက်ပွဲဆက်တိုက်အနိုင်ရမှု ဖြစ်သည်။**
- **ဆဲလ်တစ်အသင်းသည် မားသားဝေါလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ တန်းစီဇယား ထိပ်ဆုံး နေရာတွင် ရှစ်မှတ်အသာဖြင့် ဦးဆောင်ခွင့်ရနေသည်။**
- **ယူအက်စ်အိုးပင်းချန်ပီယံ မာရီယာရှာရာပိုဗာသည် ဇူးရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် စလိုဗက်ကီးယားမှ ဟန်တိုချိုဗာအား ၆-၁၊ ၄-၆၊ ၆-၃ ဖြင့် နိုင်ပြီး သူမ၏ ယခုနှစ်အတွင်း စတုတ္ထမြောက် ဖလားအဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။**
- **နယ်သာလန် အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် အိုင်းယက်စ် အသင်းက ဖီယင်နူအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အမှတ်ပေးဇယား ထိပ်ဆုံးနေရာကို ရယူလိုက်သည်။**
- **ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ်သည် ဦးခေါင်းခွဲစိတ်ရာမှ ပြန်ကောင်းလာပြီဖြစ်၍ လာမည့်သီတင်းပတ်တွင် ချယ်လ်ဆီး လေ့ကျင့်ရေးကွင်းသို့ လာရောက်နိုင်မည်ဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက ပြောကြားသည်။**
- **မက်ဒရစ်မာစတာဖလား တင်းနစ်ပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲတွင် အမေရိကန်မှ ဘော့နှင့်မိုက်ဘရိုင်ယန်တို့အတွဲက လက်ရှိချန်ပီယံ မတ်ခဲနီးလက်နှင့် ဒန်နီရယ်နက်စတာတို့အတွဲကို ၇-၅၊ ၆-၄ ဖြင့် အနိုင်ရပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။**

(အင်တာနက်)



**ဂျာမနီနိုင်ငံ ဟယ်လီမြို့ ဘရန်းဘတ် အားကစားကွင်း၌ အောက်တိုဘာ ၂၁ရက်က ဒဗလျူဘီစီ နိုင်ငံတကာ လက်ဝှေ့ချန်ပီယံပြိုင်ပွဲတွင် ရုရှားနိုင်ငံမှ စိန်ခေါ်သူ ဒင်းနစ်အင်ကင်း(ပုံ)က ဂျာမနီမှ မာရီယိုဗစ်ကို ခုနစ်ချီဖြင့် အလဲထိုးပြီး ဉာဏ်သို့ အောင်ပွဲခံခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)



မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က မော်လမြိုင်တွင် စက်တင်ဘာ ၆ရက်မှအောက်တိုဘာ ၂၂ရက်အထိ ဖွင့်လှစ်ထားသော ကွန်ပျူတာသင်တန်း အမှတ်စဉ်(၂/၂၀၀၆)၌ သင်ကြားလျက်ရှိသော သင်တန်းသူများအား မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုး ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (၁၆၈)

# ဂန့်ဂေါအထက မိဘဆရာအသင်း နှစ်ပတ်လည်စည်းဝေး တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်အောင်မြင်သူများ ဆုပေးအပ်ချီးမြှင့်

ဂန့်ဂေါ အောက်တိုဘာ ၁၀

**ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက်က ဂန့်ဂေါအထကခန်းမ၌ ကျင်းပသည်။**

**အမှာစကားပြော**

အခမ်းအနားတွင် သဘာပတိ မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီးဒေါ်မြဝင်း၊ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးဝင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဗိုထွေးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ



မခိုင်နွယ်စန်း**(အပေါ်ယာပုံ)**နှင့် ထူးချွန်စွာ အောင်မြင်ကြသူများအား မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ (၂၇၃)

# ကမ္ဘာ့ဆရာများနေ့အခမ်းအနား မိတ္ထီလာ၌ကျင်းပ ဝတ္ထု၊ ကဗျာဆုရသူများနှင့် ထူးချွန်သူများအားဆုချီးမြှင့်

**မိတ္ထီလာ အောက်တိုဘာ ၁၀**

ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက် ၉နာရီက မိတ္ထီလာမြို့ အထက(၁) ဇေကရာဇ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေစိုးသူ၊ မိတ္ထီလာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေး၊ မြို့နယ်ပညာရေးမှူး ဦးထွန်းရီ၊ မိတ္ထီလာမြို့ပေါ်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

**ဆုများချီးမြှင့်**

ထို့နောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်စာတမ်းကို မြို့နယ်ပညာရေးမှူးဦးထွန်းရီက ဖတ်ကြား၍ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ကဗျာ၊ ဝတ္ထုပြိုင်ပွဲများတွင် ဆုရသူများနှင့် ထူးချွန်သူ ဆရာ၊ ဆရာမများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(၃၅၈)

# ကြက်ဆူပင်စိုက်ခင်း

**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့် အင်ဂျင်နီယာမှူး ဦးခင်လှိုင်တို့ ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်စိုက် ပျိုးခင်းကို အောက်တိုဘာ၁ရက်က ကွင်းဆင်းစစ်ဆေးကြရာ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်တို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



# အမြို့မြို့ အနယ်နယ် သတင်းများ

# မြန်မာ့အသံ နားဆင်ရန်

**၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်**
**၂၅-၁၀-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မိုးစပါးစိုက်ပျိုးထူးချွန်မြို့နယ်ဆုရသူနှင့်ဆွေးနွေးခန်း)

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (တက္ကစီလာပြတိုက်နှင့် ဗုဒ္ဓရုပ်ပွားတော်များ) (ဒေါ်စောမုံညင်း)

၁၂း၂၅ သူ့အတွေးနဲ့ သူ့အရေး (ထောင်လွှားမာနမထားကြနှင့်) (စေတနာလှိုင်-ရေစကြို)

၁၂း၃၅ သီချင်းကြီး ပဒေသာ
(၁) နှုန်းနှုန်းထောက်စာ(ကြိုး) (အေးသဇင်သင်း)
(၂) ရွက်ညှာကြွေလျှံ (သီချင်းခန့်) (စိုးမြင့်လေး)
(၃) ဟောဝန်စုံမြိုင် (ပတ်ပျိုး) (ဦးဘခိုင်)

**ညနေပိုင်း**

၁၇း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) စကားပြောကောင်းတဲ့ မသည်းအူ (ကိုသန်းလှိုင်)
(၂) ချစ်သူ့နယ်မြေ (မြို့တော်ဝင်းဝင်းမြတ်)
(၃) ချစ်သူသာလှစေချင် (ခင်မောင်ကြီး)

၁၇း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးပေါင်းထုပ်ဟင်းနဲ့ ပဲနီလေးဟင်းချို)

၁၇း၄၅ သူ့လက်သံ (မြန်မာ့အသံ တင်ဝင်းနိုင်၏ ဆိုင်းလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဖွေဖွေရှာရှာ တိုင်းရင်းဆေးပညာ (ဒေါက်တာအောင်နိုင်)
(၂) ရခိုင်သမိုင်း ခေတ်ကာလပိုင်းခြားမှု မြေကြီးက သက်သေတည်သရွေ့) (ဦးရွှေဇံ-B.Sc, B.cs)

၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (လသာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် မုန်းခိုင်းတိုင်းမမုန်းနိုင်ဘူး)

၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ချစ်သက်ပြန်တစ်ရာ (မျိုးမြင့်လေး)
(၂) အချစ်ဆိုသောအရာ (တင်တင်မြ)
(၃) အကြည့်ချင်းဆုံတော့ ရင်ခုန်တယ် (ဧဝတီကျော်ဝင်း)

# ကလေးစည်ပင်သာယာဈေး၌ မီးဘေးကြိုတင်ကာကွယ် လက်တွေ့မီးငြိမ်းသတ်နည်း လေ့ကျင့်ဆောင်ရွက်

**ကလေး အောက်တိုဘာ ၁၂**

ပွင့်လင်းရာသီအတွင်း ပြည်သူများ၏ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မီးလောင်မှုမဖြစ်ပွားစေရေးနှင့် ဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်လျက် အောက်တိုဘာ ၇ရက် နံနက် ၉ နာရီက ကလေးခရိုင် ကလေးမြို့နယ် ပင်လုံရပ်ကွက် စည်ပင်သာယာဈေးတွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား စုစုပေါင်း ၁၅၀ဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း လေ့ကျင့်ဆောင်ရွက်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ကြည့်ရှုစစ်ဆေးကြသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျောက်ချောခင်း

**အမရပူရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးပြည်စိုး စက်တင်ဘာ ၁၉ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်သော ဒေါင်းရွေး-တမုတ်ဆိုး ကျေးလက်လမ်း ကျောက်ချောခင်းခြင်းကို ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



# စာကြည့်တိုက်များရေရှည်တည်တံ့ရေးဆွေးနွေး စဉ့်ကူး၌ သုတ၊ ရသစာအုပ်များပေးအပ်လှူဒါန်း

**စဉ့်ကူး စက်တင်ဘာ ၂၀**

စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ၂၀၀၆ခုနှစ်အတွင်း စံပြစာကြည့်တိုက် ၅၀ရွေးချယ်သတ်မှတ်ပြီး စာကြည့်တိုက်များ တရားဝင်မှတ်ပုံတင်ရေးနှင့် ရေရှည်တည်တံ့ရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ရက် မွန်းလွဲ ၁နာရီက ရုပ်သံကျွမ်းကျင်(၃) ဦးဝင်းမောင်နှင့်ဝန်ထမ်းများ မင်းရွာ သုတရောင်ခြည် စံပြစာကြည့်တိုက်တွင် ကျေးရွာတာဝန်ရှိသူများ၊ စာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံကာ စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာကြည့်တိုက် ကော်မတီဖွဲ့စည်းဆောင်ရွက်ရေး၊ စာကြည့်တိုက်များ မှတ်ပုံတင်ရေး၊ ပရိဘောဂများ လှူဒါန်းရရှိရေး၊ စာအုပ်များ စုဆောင်းဖြည့်တင်းရေးနှင့် စေတနာရှင် အလှူရှင်များ ဖိတ်ခေါ်စည်းရုံးဆောင်ရွက်ရေးတို့ကို ဆွေးနွေးညှိနှိုင်းသည်။**(အပေါ်ပုံ)**



**လှူဒါန်း**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သုတရောင်ခြည်စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# တောင်ကြီးမြို့၌ ပညာသင်ထောက်ပံ့

**တောင်ကြီး အောက်တိုဘာ ၁**

တောင်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ထောက်ပံ့ငွေများပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ရက်က အေးသာယာမြို့ရှိ ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံးရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စည်းရုံးရေးကော်မတီဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တက္ကသိုလ်ဝင်ခွင့်အောင်မြင်သူ သားသမီးများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး သက်ကြီးထောက်ပံ့ငွေရရှိသူ ၂၃ဦးနှင့် ပညာရည်ချွန်ဆုရရှိသူ ငါးဦးတို့အား ထောက်ပံ့ချီးမြှင့်ငွေ ပေးအပ်သည်။ **(မြို့နယ်စစ်မှုထမ်းဟောင်း)**

# မဟာဝိဇယစေတီ ထီးတော်ရွှေသင်္ကန်းကပ်လှူမည်

# အောင်ခြင်းရှစ်ပါးပန်းချီကားများ ပြန်လည်မွမ်းမံရန်လှူဒါန်းနိုင်

**ရန်ကုန် အောက်တိုဘာ ၂၃**

ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်ထွန်းကားရာ မြန်မာနိုင်ငံတော်တွင် ဂိုဏ်းပေါင်းစုံသံဃာအဖွဲ့အစည်းများ ညီညွတ်မှုအောင်ပွဲ အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းနှင့် ဦးထောင်ဗိုလ်လမ်းထောင့်တွင်ရှိသည့် ဓမ္မရက္ခိတကုန်းတော်ပေါ်တွင် မဟာဝိဇယစေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။

အဆိုပါစေတီ၏ထီးတော်ကို ရွှေသင်္ကန်းများဆက်ကပ်လှူဒါန်းရန် စေတီတော်ကြီး ဂေါပကအဖွဲ့ကစီစဉ် ဆောင်ရွက်လျက်ရှိရာ ထီးတော်ကို ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်းများအတွက် ရွှေဆိုင်း ၂လက်မ x၂လက်မရွှေဆိုင်း တစ်ရွက်လျှင် ငွေကျပ် ၂၅၀နှင့် ရွှေဆိုင်း၂လက်မ x၂ လက်မ ရွက် ၁၀၀ပါရွှေဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

မဟာဝိဇယစေတီတော်ကြီး တည်ဆောက်ပြီးစီးချိန်က စေတီတော်ကြီး၏ ဂန္ဓကုဋိတိုက်အဝင်မုခ်ပေါက် ရှစ်ခု၏ မျက်နှာတော်များတွင် နာမည်ကျော်ပန်းချီပညာရှင်ဆရာကြီးများ ရေးဆွဲခဲ့သောအလျား ပေ ၃၀၊ အနံ ၁၀ပေ အရွယ်ရှိသော မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါးသရုပ်ဖော် ပန်းချီကားကြီးများ အဓွန့်ရှည်စွာတည်တံ့စေရန် ပန်းချီ ပညာရှင်ကြီးများအဖွဲ့က ယခုနှစ်ပွင့်လင်းရာသီတွင် ပြီးစီးအောင် ပြန်လည်မွမ်းမံရေးဆွဲရန် ဂေါပကအဖွဲ့ကစီစဉ်၍ မုခ်ပေါက်တစ်ပေါက်လျှင် အလျားပေ ၃၀၊ အနံ ၁၀ပေ ပန်းချီကားကြီးနှစ်ခုစီရှိ၍ စုစုပေါင်း ၁၆ခုကို ပြန်လည် မွမ်းမံရေးဆွဲမည် ဖြစ်သည်။

အလှူရှင်ကမွည်းရေးထိုး၍ ပန်းချီကားကြီးတစ်ခုလျှင် ငွေကျပ် ၇၅၀၀၀ နှုန်းဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ ပန်းချီကားကြီးတစ်ခုကို အလှူရှင်များ စုပေါင်း၍သော်လည်းကောင်း၊ နေ့နံအရပ် သို့မဟုတ် အောင်ခြင်းရှစ်ပါးတစ်ခုချင်း အလိုက် ရွေးချယ်ပြီး အလှူငွေများလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်အတွက် ဧမိုင်မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဖခင် ပညာအုပ် ဦးမြထွန်း(ခ) ဆရာဦးဘသန်းနှင့် မိခင်ဆရာမကြီး ဒေါ်မာကြည်တို့အားရည်စူး၍ သမီး ဒေါ်ခင်လှသန်း၊ ဒေါ်ခင်သန်းအေး၊ ဒေါ်ခင်ရီမြင့် ညီအစ်မသုံးဦးတို့က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ (နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# မြို့နယ်သတင်းများ

## ချောင်းဆုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ဆံကေသာနှင့် ကာယအလှမယ်ပြိုင်ပွဲဆုချီးမြှင့်

**ချောင်းဆုံ အောက်တိုဘာ ၁၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ကြီးမှူးကျင်းပသော ဆံကေသာအလှမယ်၊ ဖက်ရှင်မယ်နှင့်ကာယအလှမယ်ပြိုင်ပွဲကို အောက်တိုဘာ ၅ရက်က မြို့နယ် ကျွန်းသာယာခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆံကေသာအလှမယ်ပြိုင်ပွဲတွင် ကော့မုပွန်ကျေးရွာမှ မသန်းသန်းမော်က ပထမ၊ နီးမွတ်ကျေးရွာမှ မသန်းသန်းနွယ်က ဒုတိယ၊ ဒေါင်းဥကျေးရွာမှ မညီညီခိုင်က တတိယ၊ ဖက်ရှင်မယ်ပြိုင်ပွဲတွင် မုဒွန်းကျေးရွာမှ ဆုသက်မွန်က ပထမ၊ ချောင်းဆုံအရှေ့မှ ယုသန္တာဦးကဒုတိယ၊ ချောင်းဆုံအရှေ့မှ ကေဇင်မိုးက တတိယနှင့် ကာယအလှမယ်ပြိုင်ပွဲတွင် ဒေါင်းဥကျေးရွာမှမချိုသဲမာက ပထမ၊ ဒေါင်းဥကျေးရွာမှ မအေးအေးပြုံးက ဒုတိယနှင့် ကမာကေးကျေးရွာမှ မအေး အေးအောင်က တတိယရရှိကြရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့် ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## ပဲနွယ်ကုန်းမြို့၌ မြို့ဝင်ဆိုင်းဘုတ်ပြုလုပ်

**ကျောက်တံခါး အောက်တိုဘာ ၁၀**

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် မြို့သာယာလှပရေး အတွက် ပဲနွယ်ကုန်းမြို့ဝင်ဆိုင်းဘုတ် ပြုလုပ်ခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဟိန်းဇော် ကြီးကြပ် ဆောင်ရွက်ရာ အောက်တိုဘာ ၁ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဆက်ကပ်လှူဒါန်း

**အောက်တိုဘာ ၁၅ရက်က ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် မြေစာရင်း ဦးစီးဌာနဦးစီးမှူး ဦးချစ်အေးနှင့် ဝန်ထမ်းများ စုပေါင်း၍ သံဃာတော်အရှင်မြတ် ကိုးပါးအား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြစဉ်။** (၁၃၄)



**အောက်တိုဘာ ၁၂ရက်က ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပင်လုံလမ်းဘေး ပလက်ဖောင်းပြင်ခြင်းနှင့် မြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးသက်ထွန်း ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



**ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဗိုလ်မြတ်ထွန်း လမ်းမ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းကို ဆောင်ရွက်ရန် ကျောက်များ စုဆောင်းမှုကို စက်တင်ဘာ ၃၀ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးဌေးဝင်းတို့ ကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်မြတ်မွန်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဇန်းမောက်၌အခမ်းအနားကျင်းပ

**ဇန်းမောက် အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းကသာခရိုင် ဇန်းမောက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်၁၀နာရီကမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### အကျယ်တဝင့်ရှင်းလင်း

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေဝေလွင်က အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် သက်ကြီးအဘိုးဦးဘစိန်က ဆုံးမဩဝါဒစကားနှင့် ဆုတောင်းမေတ္တာများ ပို့သပေးပြီး အဘိုး အဘွားစုစုပေါင်း၉၀ အား တစ်ဦးချင်း ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**






**မွန်ပြည်နယ် ကျိုက်ထိုမြို့ အခြေခံပညာအမှတ်(၃) မူလတန်းကျောင်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်းအစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၁၄ရက်က အဆိုပါကျောင်း၌ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ ဦးအောင်မြတ်မိုး၏သမီး မစုလှိုင်ထွန်းအား ကျောင်းအုပ်ဆရာကြီး ဦးတင်ငွေက စလွယ်ဆု ချီးမြှင့်စဉ်။** (၂၉၄)

## ကမ္ဘာ့ဆရာများနေ့ ရွှေတောင်၌ကျင်းပ ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုချီးမြှင့်

**ရွှေတောင် အောက်တိုဘာ ၁၂**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက်၉နာရီက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးဘညိဏ်းတင့်က အမှာစကားပြောကြားသည်။

### ပူဇော်ကန်တော့

ထို့နောက်အငြိမ်းစားလက်ထောက်တိုင်းပညာရေးမှူးတစ်ဦး၊ မြို့နယ်ပညာရေးမှူးနှစ်ဦးနှင့် ဆရာကြီးတစ်ဦးတို့အား ဂုဏ်ပြုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ဆရာကြီးများက ဩဝါဒစကားများ ပြန်လည်ပြောကြားကြသည်။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရသူများကို မြို့နယ်ပညာရေးမှူး ဦးဘညိဏ်းတင့်ကလည်းကောင်း**(အောက်ပုံ)**၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးစိုးသိန်းက အထက်တန်းဆင့် စာစီစာကုံးနှင့် ကဗျာဆုရသူများကိုလည်းကောင်း၊ သရက်တော အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးဝင်းကြူက အလယ်တန်းဆင့် စာစီစာကုံးနှင့် ကဗျာဆုရသူများအား ဆုများချီးမြှင့်ကြပြီး ထန်းကုန်း အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးလှသွင်က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းကို ဖတ်ကြားသည်။ **(မြို့နယ် ပြန်/ဆက်)**





# ပြည်သူလူထု ရေလိုအပ်ချက်ပြည့်မီအောင်ဆောင်ရွက် သတ်မှတ်ပျိုးပင်၊ ပန်းအလှပင်များစနစ်တကျ စိုက်ပျိုး

မော်လမြိုင် အောက်တိုဘာ ၂၀

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၇ရက် နံနက်ပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိပြီး မြို့ရေပေးရေး၊ မြို့သာယာလှပရေးနှင့် စည်ပင် သာယာရေး လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။**

**စနစ်တကျဆောင်ရွက်**

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်သို့ ရေဖြန့်ဝေ ပေးရေးနှင့် အတ္တရံ(၂)ရေစက်ရုံနှင့် ရေစုကန်များသို့ ရောက်ရှိရာ အမှုဆောင်အရာရှိက တစ်နေ့ရေဂါလန် ၁၂သိန်း ဖြန့်ဝေပေးနေမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အတ္တရံ(၁) ရေစက်ရုံနှင့် ရေစုကန်များမှ တစ်နေ့ ရေဂါလန် ရှစ်သိန်း ရေဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူလူထု ရေလိုအပ်ချက်အား ပြည့်မီအောင် စနစ်တကျဆောင်ရွက်ပေးရေး မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ကမ်းနားလမ်းတစ်လျှောက် သာယာလှပရေး ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေးပြီး ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အာမခံပန်းခြံလမ်း အဖွဲ့ပိုင်စက်ယန္တရားများဖြင့် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို စစ်ဆေးကြသည်။ **(အပေါ်ဝဲပုံ)** အဆိုပါလမ်းမှာ အရှည် ၂၂၃၆ ပေ၊ အကျယ် ၁၂ ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၃၅၉၆၀၀၀ ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်သာယာ လှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများ ကြည့်ရှုစစ်ဆေးကာ သတ်မှတ် ပျိုးပင်များ၊ ပန်းအလှပင်များ ပြည့်မီကျော်လွန်အောင် စနစ်တကျ စိုက်ပျိုးထားရှိရေး မှာကြားခဲ့သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ညွှန်ကြားရေးမှူးချုပ်သည် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးတွင် မော်လမြိုင်ခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ရုံးဝန်ထမ်းများအား တွေ့ဆုံရာ အမှုဆောင် အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်၊ ဝန်ကြီးဌာန၊ ဦးစီးဌာနတို့၏ မှာကြားချက်များကို အသေးစိတ် မှာကြားပြီး မြို့နယ်စည်ပင် သာယာရေးအဖွဲ့များ အလေးထား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(နယ်စပ်/စည်ပင်)**

**အင်းစိန် အထက(၂) မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသန်းက ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ထက်အောင်ကြိုင်အား ဆုချီးမြှင့်စဉ်။**
(ဝ၄၆)



## မကွေးဥပစာကောလိပ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

မကွေးဥပစာကောလိပ်(၁၉၅၈-၁၉၆၃)ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့)နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် ရွှေကျင်မြို့နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်ပူဇော်ကန်တော့ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

## အထက(၂)မော်ဘီ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

အထက(၂)မော်ဘီ၌ တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထ အကြိမ်မြောက် ပူဇော် ကန်တော့ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဆရာကြီး ဦးကျော်တင့် ဖုန်း-၆၂၁၀၁၀၊ ဆရာမ ဒေါ်ခင်မာရီ ဖုန်း-၆၂၀၇၀၉၊ ဆရာမ ဒေါ်သီတာအောင် ဖုန်း-၆၂၀၀၉၃၊ ဦးသိုက်စိုး ဖုန်း-၆၀၀၃၄၂၊ ဦးအေးမင်းထွန်း ဖုန်း-၆၂၀၀၂၉၊ ဦးသိန်းတိုး ဖုန်း-၆၂၀၉၈၉နှင့် ဦးအောင်ကိုလတ် ဖုန်း-၂၄၂၂၆၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

## စုပေါင်းမဟာဘုံကထိန်ပွဲ

**ရန်ကုန် အောက်တိုဘာ ၂၃**

မော်လမြိုင်အသင်း(ရန်ကုန်)၏ (၈၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ကပ်လှူပွဲကို ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာရှိ မော်လမြိုင်ဓမ္မာရုံ၌ နိုဝင်ဘာ ၄ရက် (တန်ဆောင်မုန်းလပြည့်)စနေနေ့နံနက် ၉နာရီတွင် သံဃာတော်အပါး ၃၀တို့အား ဆက်ကပ်မည်ဖြစ်၍ အသင်းသူ အသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်း လိုသူများသည် ဓမ္မာရုံ ဖုန်း-၂၅၆၁၅၇၊ ဦးမောင်မောင်ဝင်း ဖုန်း-၃၈၅၉၅၆၊ ဦးကျော်မင်း ဖုန်း-၂၉၃၆၈၃နှင့် ဒေါ်ခင်နွယ် ဖုန်း-၆၅၀၀၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ တိုးတက် ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၀ရက်က မြို့ပတ်လမ်း (ဈေးလေးအပိုင်းနှင့် စက်မှုတြိဂံကြား) ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအောင်မြင့်ဆွေ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**
(မြို့နယ် စည်ပင်)



**အုတ် ဖို မြို့ အထက၌ ကျင်းပသော ၂၀၀၆ခုနှစ် မြို့နယ်ဘက်စုံ ပညာထူးချွန်ပြိုင်ပွဲတွင် ထူးချွန်သူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က ကျင်းပရာ ပဉ္စမတန်း ဘက်စုံ ထူးချွန်ဆုရ မောင်မင်းဟိန်းကျော်အား လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှတင်က ဆုချီးမြှင့်စဉ်။**
(ပညာရေး)





## သုံးမြို့နယ်စုပေါင်း မဟာဘုံကထိန်ပွဲ

**ရန်ကုန် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက်တွင် လသာ၊ ပန်းဘဲတန်းနှင့် ကျောက်တံတား သုံးမြို့နယ် စုပေါင်း မဟာဘုံကထိန် သင်္ကန်းကပ်လှူပွဲကို နိုဝင်ဘာ ၄ရက် (စနေနေ့) တန်ဆောင်မုန်းလပြည့်နေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပ၍ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊တိုင်းသံဃ နာယကအဖွဲ့ ဆရာတော်ကြီးများ၊ သီတဂူ ဆရာတော်၊ မဟာသိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ အမှူးပြုသည့် သံဃာတော် အပါး ၁၅၀တို့အား ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ အလှူရှင်များ ကိုယ်တိုင် ဆက်ကပ် လှူဒါန်းနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **(၃၅၂)**



**မြောက်ဒဂုံမြို့နယ် (၄၁)ရပ်ကွက် ပဒေသရာဇာလမ်း အမှတ်(၃၇၀)နေ ဖခင်ကြီးဦးမြသောင်းအား ရည်စူး၍ မိခင်ကြီးဒေါ်လှဆင့်နှင့်သားသမီးမြေးတစ်စုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။**
(က-ပ)

## ပခုက္ကူမြို့ စာတော်ပြန်ပွဲ ရက်ပြင်ဆင်

ရန်ကုန် အောက်တိုဘာ ၂၃

**ပခုက္ကူမြို့ သာသနစက္ကပ္ပဝတ္တကအသင်းကြီး၏ အဋ္ဌမအကြိမ် သာသနာလင်္ကာရအကျော်စာတော်ပြန်ပွဲကြီး၌ ပထမဆင့် အာဂုံပြန်ဆိုပွဲကို ၁၃၆၈ခု ပြာသို လဆန်း၇ရက်၊ ရေးဖြေကို၁၃၆၈ခု ပြာသိုလဆန်း ၉၊ ၁၀၊ ၁၁ ရက်၊ ဒုတိယဆင့်နှင့် တတိယဆင့်ရေးဖြေကို ၁၃၆၈ခု ပြာသိုလဆန်း ၁၂၊၁၃၊၁၄ ရက်များတွင် ကျင်းပမည်ဖြစ်ပြီး ဒုတိယဆင့်၊ တတိယဆင့်စာတော်ပြန်ပွဲဝင်ခွင့်ပုံစံများကို ၁၃၆၈ခု တန်ဆောင်မုန်းလပြည့်နေ့အရောက် နောက်ဆုံးထား၍ ဖုန်း-၀၆၂-၂၁၁၄၀နှင့် ၂၉၀၉၇တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။**(က-ပ)



**မော်လမြိုင်ကျွန်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြသာယာလှပရေးလုပ်ငန်းဖြစ်သော (၁၁)လမ်းနှင့် ဘုရင့်နောင်လမ်းဆုံတွင် မြေယာရှုခင်း အလှဆင်ခြင်း လုပ်ငန်းနှင့် မီးမနော‌တိုင် ပြုလုပ်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၄ ရက်က အမှုဆောင် အရာရှိ ဦးတင့်လွင်ဦးနှင့်တာဝန်ခံအင်ဂျင်နီယာဒေါ်သန်းသန်းမြတို့ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။**
(မြို့နယ်စည်ပင်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ပါသိရာနာဂီ၊ အာသာ၊ ဒိုင်ယာစ်၊ ဆမ် မာရာစီကာရာအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ ပါသိရာနာဂီ၊အာသာ၊ ဒိုင်ယာစ်၊ဆမ် မာရာစီကာရာသည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ မီခေးလ်၊အမ်၊ မက်ဂလက်ဇီး နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ မီခေးလ်၊အမ်၊ မက်ဂလက်ဇီးသည် ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်သူနှင့် ဦးမောင်မြင့်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**